မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၇)၊ အမှတ် (၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက် ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည် မြင့်မားရေး

ဆက်ဆံရေးဝန်ကြီး တာဝန်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့
ကြေညာချက်အမှတ် ၂/၂၀၀၇
၁၃၆၉ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

အကြောင်းအရာ။ ။ **ဆက်ဆံရေးဝန်ကြီး တာဝန်ပေးအပ်ခြင်း**

၁။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဘရာဟမ် အေဂမ်ဘာရီသည် မြန်မာနိုင်ငံသို့ ၂၀၀၇ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၂ ရက်နေ့အထိ လာရောက်ခဲ့စဉ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်ဆံရေး အရာရှိတစ်ဦး ထားရှိပေးရန် အကြံပြုခဲ့ပါသည်။

၂။ မစ္စတာအီဘရာဟမ် အေ ဂမ်ဘာရီ၏ အဆိုပါ အကြံပြုချက်ကို လေးစားသောအားဖြင့် လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နောင်တွင် လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရန်အတွက် လည်းကောင်း ဆက်ဆံရေး ဝန်ကြီးအဖြစ် အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ကြည်အား တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

ပုံ သန့်ရှင်း
(ဗိုလ်မှူးကြီး)
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ပြည်နယ်နှင့် တိုင်းအသီးသီးရှိ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း ဆွေးနွေးတင်ပြ

မိုးလုံးပြည့်မုသာဝါဒကို ထုတ်လွှင့်နေကြသော BBC, VOA, RFA, DVB နှင့် နောက်ကွယ်မှ ကြိုးကိုင်နေသော နိုင်ငံကြီးများ၏လုပ်ရပ်ကို ရှုတ်ချကန့်ကွက်ကြောင်း ဆုံးဖြတ်

နေပြည်တော် အောက်တိုဘာ ၈

နိုင်ငံတော် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သော ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများနှင့် ပြည်ပအသံလွှင့်ဌာနအချို့က မဟုတ်မမှန် သွေးထိုးလှုံ့ဆော်ပြီး နှုတ်ကြောင်းပေး၍ ပြည်တွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် ဆူပူအုံကြွမှုဖြစ်စေရန် လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

စည်းကမ်းရှိ၍ တာဝန်သိစေချင်သည်

၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးပါတီများကို ဖွဲ့စည်းပေးခဲ့ချိန်မှ စတင်ပြီး NLD နှင့် မဟာမိတ်ပါတီများသည် အနောက်မီဒီယာများက နာမည်တပ်ပေးထားသည့် အတိုက်အခံပါတီများဆိုသည့် အခေါ်အဝေါ်ကို သာယာနေပုံပေါ်သည်။ အတိုက်အခံဆိုသည့် အတိုင်း အစိုးရဘာလုပ်လုပ် အတိုက်အခံလုပ်ရမည်ဆိုသည့် လမ်းကြောင်းပေါ်သို့ ရောက်သွားခဲ့သည်။ တကယ်တော့ ယခုကာလတွင် အတိုက်အခံပါတီမရှိပါ။ ယနေ့အချိန်ကာလတွင် တပ်မတော်အစိုးရက ဒီမိုကရေစီစနစ်ကို အကောင်အထည် ဖော်နိုင်ရန်အတွက် ပါတီများကို ဖွဲ့စည်းပေးခဲ့သည်။ ထိုပါတီအချင်းချင်းသာ မည်သည့်ပါတီ၏မူဝါဒက တိုင်းပြည်အတွက် ပိုမိုအကျိုးရှိမည်ကို ပြိုင်ကြရမည်ဖြစ်ပါသည်။ တပ်မတော်အစိုးရသည် ဒိုင်လူကြီးသာဖြစ်သည်။

ဗညားအောင်၏ ဆောင်းပါး (စာ ၄ နှင့် ၅)တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၉ ရက်)

နိုင်ငံနှင့် တောင်သူများပါ အကျိုးဖြစ်ထွန်းမည့် စက်မှုကုန်ကြမ်း ရော်ဘာ တိုးချဲ့စိုက်ပျိုး

ရော်ဘာသည် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက်သာမက ပြည်ပပို့ကုန်အတွက်လည်း အရေးပါသော စက်မှုကုန်ကြမ်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ၁၈၇၆ ခုနှစ်ကတည်းက ရော်ဘာကို စတင်စိုက်ပျိုးခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ရော်ဘာစိုက်ပျိုးဧရိယာ ဟက်တာခုနစ်သောင်းကျော်ရှိခဲ့သည်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဟက်တာနှစ်သိန်းကျော်အထိ တိုးပွားလာပြီး ၂၀၀၇-၂၀၀၈ ခုနှစ်၌ ယခင်ရော်ဘာစိုက်ပျိုးမှုထက် နှစ်ဆနီးပါးတိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

ရော်ဘာကို မြေညီမြေပြန့်တွင်သာမက ကုန်းမြေများ၊ လျှိုမြောင်များနှင့် တောင်စောင်းများ၌ပါ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။ ယခင်က တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်၌သာ ရော်ဘာကို စိုက်ပျိုးခဲ့သည်။ ယခုအခါ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအပါအဝင် ဒေသအသီးသီး၌ စိုက်ပျိုးအောင်မြင်နေပြီ ဖြစ်သည်။

မြန်မာ့ရော်ဘာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ နှစ်စဉ်တန်ချိန် သုံးသောင်းခန့် တင်ပို့လျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် ရော်ဘာစိုက်ပျိုးနိုင်မည့် အခြေအနေကောင်းများရှိရာ စီးပွားဖြစ် စိုက်ပျိုးခြင်းကြောင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေမည့်အပြင် နိုင်ငံခြားဝင်ငွေများ တိုးပွားရရှိနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုလုပ်ငန်းများ ထွန်းကားတိုးတက်လာသည်နှင့်အမျှ ရော်ဘာအသုံးပြုမှုသည်လည်း များပြားလာလျက်ရှိရာ စက်မှုကုန်ကြမ်း ရော်ဘာကို နိုင်ငံတစ်ဝန်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်နှင့် စိုက်ပျိုးသူ တောင်သူလယ်သမားများအတွက်ပါ အကျိုးဖြစ်ထွန်းစေနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် နိဗ္ဗာန်လမ်း တိုက်အမှတ် ၆၄၄ အခန်းအမှတ်(၃)နေ မိဘများနှင့် အဒေါ်၊ အစ်မကြီးတို့အား ရည်စူး၍ ဒေါ်ခင်ထွေးမိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပက အဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးသိန်းစိုးတို့က လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၉-၁၀-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၂၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၀ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၄၀ ၁၄။ ဝတ်စားဆင်ယင်လှစေချင်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၂၉)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၄၀)

ပခုက္ကူခရိုင်အတွင်း ဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရေစကြိုမြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

နေပြည်တော် အောက်တိုဘာ ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ၄ရက် နံနက်ပိုင်းက မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့ အော်တိုအိတ်ချိန်းစခန်းသို့ ရောက်ရှိစစ်ဆေးရာ အိတ်ချိန်းတာဝန်ခံအင်ဂျင်နီယာမှ စက်ပစ္စည်းတပ်ဆင်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ပခုက္ကူမြို့၌ အသစ်တည်ဆောက်လျက်ရှိသည့် (GSM) တယ်လီဖုန်းစခန်းသို့ ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် ပခုက္ကူစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်၌ တည်ဆောက်မည့်အိတ်ချိန်း မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရေစကြိုမြို့သို့ ရောက်ရှိပြီး ရေစကြိုမြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက တပ်ဆင်ထားသည့် လိုင်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မြို့၏ လိုအပ်ချက်နှင့် ဖြည့်ဆည်းဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

မှာကြား

ဝန်ကြီးသည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့မှ ပေါက်မြို့ လမ်းခရီးတစ်လျှောက်ရှိ တက်မတောင် ကာကွယ်တော စိမ်းလန်းစိုပြည်မှု အခြေအနေများ၊ သီးနှံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများနှင့် ရေပြာတံတား၊ အုန်းတောတံတား၊ ဆင်ဇာချောင်းတံတား ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံမှာကြားပြီး ပေါက်မြို့ မြို့နယ်ဆေးရုံ၌ လိုအပ်လျက်ရှိသည့် သွားစိုက်ခုံအတွက် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးမှူးက လက်ခံသည်။

ထို့နောက်ဝန်ကြီးသည် ပေါက်မြို့၌ အသစ်တည်ဆောက် လျက်ရှိသည့် မိုက္ကရိုဝေ့(ဗ်)စခန်းသို့ရောက်ရှိစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် ကမ္ဘစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ ဆက်သွယ်ရေးစခန်းကို ကြည့်ရှု စစ်ဆေးကာ ရှင်းလင်းဆောင်၌ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဒေသ၏လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သိက္ခာထပ်၊ ရှင်ပြု ကထိန်အလှူမင်္ဂလာ

ရန်ကုန် အောက်တိုဘာ ၈

တနင်္သာရီတိုင်း ကော့သောင်းမြို့ (၂)မိုင် အေးမြကန်သာရပ် မနောဟရီ (၃)လမ်း အမှတ် ၁၆၆နေ (ဦးစံတင်)-ဒေါ်လှရှိန်၊ သမီးကြီး မခင်မျိုးထိုက်၊ သမီးငယ် မယဉ်ဝင်းထိုက်၊ သား မောင်တင်ဝင်းထိုက် မိသားစုတို့က ကော့သောင်းမြို့ (၂)မိုင်ရှိ မြတ်ဗုဒ္ဓဒေသနာဝိမလကာရီ ဓမ္မရိပ်သာဆရာတော်ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ၊B.A) အား သိက္ခာထပ်ခြင်း၊ သားရတနာ မောင်တင်ဝင်းထိုက်အားရှင်ပြုခြင်းနှင့် ကထိန်အလှူတော် မင်္ဂလာကို သီတင်းကျွတ်လပြည့်ကျော် ၂ရက် (အောက်တိုဘာ ၂၈ ရက်)တွင် ကျင်းပမည်ဖြစ်သည်။ ယင်းအလှူတော် မင်္ဂလာပွဲ၌ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ် ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဓေယျဝတီ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ B.A)က သစ္စာလေးပါး တရားတော်များကို နံနက်ရနာရီတွင် ဟောကြားပြီး ဧည့် ပရိသတ်များအား နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလူရည်ချွန်များ ပေါ်ထွန်းနေရန် အဓိကဖြစ် တည်ငြိမ်အေးချမ်းတရားဥပဒေစိုးမိုးမှုအတွက် လူရည်မွန်များဖြစ်ရန်ပဓာနကျ လူတော်လူကောင်းများ အင်နှင့်အားနှင့်တိုးပွားပေါ်ထွန်းလာစေရန် နိုင်ငံတော်၏လိုလားချက်နှင့်အညီ စေတနာရှေ့ထားလေ့ကျင့်ပျိုးထောင်

ရန်ကုန် အောက်တိုဘာ ၈

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ယနေ့နံနက်၉နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပသည့် အခြေခံပညာ ဆရာ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၂) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားမှုမှတစ်ဆင့် မိမိနိုင်ငံသူနိုင်ငံသားပြည်သူများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်မြှင့်တင်ပေးနိုင်သည့် စွမ်းအားဖြင့် ပြည့်စုံစေရအောင်နှင့် နိုင်ငံတော်၏တရားဥပဒေ စည်းမျဉ်းစည်းကမ်းဘောင်အတွင်း၌ လွတ်လပ်ပျော်ရွှင်စွာ ကျင့်ကြံနေထိုင်တတ်သော နိုင်ငံကြီးသား အရည်အသွေးတို့ ပြည့်ဝခိုင်မာစေရအောင်ပညာရေးကဏ္ဍမှ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည့် အချိန်အခါကာလဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

နိုင်ငံတကာ၌ ဆိုလျှင်လည်း အမျိုးသားပညာရည် မြင့်မားမှုကသာ နိုင်ငံသူနိုင်ငံသား တစ်ဦးချင်း၏ လူနေမှုဘဝ အဆင့်အတန်းနှင့် အရည်အသွေးကို မြှင့်တင်ပေးနိုင်မည် ဖြစ်သကဲ့သို့ လူ့ဘောင် အဖွဲ့အစည်း၏ လူမှုရေး အရည်အသွေး မြင့်မားမှုနှင့်အတူ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာမည်ဆိုသည့် ယုံကြည်ချက်ဖြင့် ပညာရေးကဏ္ဍ မြှင့်တင်ကြိုးပမ်းမှုများကို နိုင်ငံတိုင်း နိုင်ငံတိုင်းက အလေးထားဆောင်ရွက်နေကြသော ချိန်ကာလဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်အရည်အသွေး မြင့်မားခိုင်မာရန် လိုသကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရာ၌လည်း နိုင်ငံသူနိုင်ငံသားများ၏ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်ရန်လိုကြောင်း၊ တစ်နည်းပြောရလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူရည်ချွန်များစွာ ပေါ်ထွန်းနေရန် အဓိကဖြစ်သကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့အတွက် ဤလူရည်ချွန်များသည် လူရည်မွန်များ ဖြစ်နေစေရန်လည်း ပဓာနကျကြောင်း။

စေတနာရှေ့ထားပျိုးထောင်

ထိုသို့ လူရည်ချွန် လူရည်မွန်များ၊ လူတော်လူကောင်းများ အင်နှင့်အားနှင့် တိုးပွားပေါ်ထွန်းလာစေရန် ဆိုရာတွင်မူ ပညာရေးကဏ္ဍ၏ စွမ်းဆောင်ပေးနိုင်မှုအပေါ်၌ မူတည်လျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ဆရာ ဆရာမများက မိမိတို့၏ တပည့်ကျောင်းသားကျောင်းသူလူငယ်များအပေါ် နိုင်ငံတော်၏ လိုလားချက်နှင့်အညီ စေတနာရှေ့ထား လေ့ကျင့်ပျိုးထောင်ပေးနိုင်မှုအပေါ်၌ နိုင်ငံ၏ အနာဂတ်သည် မူတည်လျက် ရှိနေခြင်းပင်ဖြစ်ကြောင်း။

ဆရာ ဆရာမများနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူလူငယ်များ၏ ကိုယ်စီကိုယ်စီသော ကိုယ်ရည် ကိုယ်သွေး၊ ကိုယ်စီကိုယ်စီသော ပညာရည် အရည်အသွေးတို့ကို မြှင့်တင်ပေးရင်း တစ်ဦးချင်း၏ အရည်အသွေးကောင်းများကို နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွား စောင့်ရှောက်မြှင့်တင်ရေးဆိုသည့် တူညီသော ရည်မှန်းချက်ဖြင့် တပေါင်းတစည်းတည်း ဖြစ်အောင် စုစည်းပေါင်းစပ် ပေးနိုင်ခြင်းအားဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ အပြုသဘော စွမ်းအားကောင်းများအဖြစ် ပိုမိုရင့်ကျက်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းလာစေမည် အမှန်ပင်ဖြစ်ကြောင်း။

ခိုင်မာသော ယုံကြည်ချက်

ဤမျှော်မှန်းချက်နှင့်အညီ ကျောင်းသား ကျောင်းသူလူငယ်များ၏ ပညာရည် အရည်အသွေးနှင့် စွမ်းဆောင်နိုင်မှု စွမ်းအားတို့ကို ပိုမိုထက်မြက်ခိုင်မာစေရန်သာမက တူညီသော စိတ်ဓာတ်အခြေခံပေါ်မှ ပေါက်ဖွားလာသည့် ခိုင်မာသော ယုံကြည်ချက်ခံယူချက်တို့ဖြင့် အားဖြည့်ပေါင်းစည်းပေးနိုင်စေရအောင် ပညာရေးကဏ္ဍက အားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

တူညီသော စိတ်ဓာတ်အခြေခံဆိုရာ၌လည်း နိုင်ငံတော်၏ သမိုင်းကြောင်းအစဉ်အလာများ အရသော်လည်းကောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုးရင်ဆိုင်ဖြတ်သန်းခဲ့ရသည့်ဘဝ အတွေ့အကြုံ သင်ခန်းစာများအရသော်လည်းကောင်း၊လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသော ပစ္စက္ခအခြေအနေများအရသော်လည်းကောင်း၊ မည်သည့်ရှုထောင့်က ရှုမြင်လေ့လာသုံးသပ်ကြည့်သည်ဖြစ်စေ ယနေ့မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်သည်သာ အခြေခံအကျဆုံးသော စိတ်ဓာတ် အရည်အသွေး ဖြစ်သည်ဆိုသည်မှာ ပေါ်လွင်ထင်ရှားနေပြီ ဖြစ်ကြောင်း။

အသက်ဝိညာဉ်

ယင်းသို့ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ပေါက်ဖွားရှင်သန် နိုးကြားထက်မြက်နေစေရန်ဆိုရာ၌ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို အသက်ဝိညာဉ်သဖွယ် ယုံကြည်သက်ဝင်စေခြင်းအားဖြင့်သာ တည်ဆောက်ပေးနိုင်မည် ဖြစ်ကြောင်း။

အရေး(၃)ပါး

ဒို့တာဝန်အရေး(၃)ပါးကို ယုံကြည်သက်ဝင်ခြင်း၌ အခြေခံသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို မူလတန်းအရွယ် ကလေးဘဝကပင် ကျောင်းသား ကျောင်းသူ လူငယ်များ၏ နှလုံးအိမ်၌ သံမှိုနှက်သကဲ့သို့ စွဲမြဲသွားစေရအောင် လေ့ကျင့်သင်ကြားပေးနိုင်မှသာ အချိန်ကာလတစ်ခုတွင် ဤစိတ်ဓာတ်၊ ဤခံယူချက်များသည် ပြည်ထောင်စုကြီးတစ်ခွင်လုံး တဖြည်းဖြည်းချင်း ပျံ့နှံ့လွှမ်းခြုံဖြစ်ထွန်းလာပြီး နောင်မျိုးဆက် အဆက်ဆက်၌ မိမိနိုင်ငံ မိမိလူမျိုး၏ စိတ်ဓာတ်၊ မိမိနိုင်ငံ မိမိလူမျိုး၏ ခံယူချက်၊ တစ်နည်းအားဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ မူဝါဒသဘောတရား (Ideology of the mation)အဖြစ် ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းလာမည် အမှန်ပင်ဖြစ်ကြောင်း။

ဖျက်လိုဖျက်ဆီး

ယနေ့အချိန်အခါတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်(၇)ရပ်၏ ပထမအဆင့်ပြီးဆုံးအောင်မြင်ပြီ ဖြစ်သည့်အတွက် နိုင်ငံတော်၏ အနာဂတ်ကို ပေါ်လွင်ထင်ရှားစွာ ကြိုတင်သုံးသပ်ရှုမြင်နိုင်ပြီဖြစ်သည်နှင့်အညီ ဤအနာဂတ်ကို မလိုလား မနှစ်သက်သည့် အဖျက်အမှောင့်သမားများ၏ ဖျက်လိုဖျက်ဆီးလုပ်ရပ်များကိုလည်း ပိုမိုရင်ဆိုင်ကြုံတွေ့နေရလျက်ရှိကြောင်း။

ထို့ကြောင့် ယနေ့အဖျက်အမှောင့်သမားများ လုပ်ဆောင်နေကြသည့် သွေးထိုးလှုံ့ဆော်မှုများ၊ ဖြားယောင်းသွေးဆောင်မှုများ၊ သွေးခွဲသပ်လျှိုမှုများ၊ တိုင်းဆူပြည်ဖျက်လုပ်ရပ်များ၏ ဆိုးညစ်သည့် ရည်ရွယ်ချက်နှင့် ပင်ကိုသရုပ်ကို ဆရာ ဆရာမများအပါအဝင် ပြည်သူများအားလုံးက သဲကွဲစွာသိမြင်ပြီး ဘေးပယောဂများ ရှောင်ရှား၊ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ရေးရှေ့ဆက်တက်လှမ်းရမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာရေးဖြစ်စဉ်အဆင့်ဆင့်၌ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါ ဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုကို သင်တန်းသား အမှတ် (F–၂၀၀) ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ မူလတန်းပြဆရာဦးအောင်နိုင်အားလည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူ အမှတ် (E–၆၁) ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ထူးချောင်းအခြေခံပညာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ချိုချိုလွင်အားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုကို သင်တန်းသားအမှတ်(F–၂၂၇) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အမြင့်ကျွန်းရှာ အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာဦးအေးထွန်းအားလည်းကောင်း၊ သင်တန်းသူ ဖွဲ့လုံ့လဆုကို သင်တန်းသူ အမှတ်(D–၆၂) ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ယဉ်လှနှင့် သင်တန်းသူ အမှတ် (C–၂၂၀) ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်စန်းစန်းရီတို့အားလည်းကောင်း၊ စံပြအဆောင်ဆုကို အမျိုးသားတပ်ခွဲ(၅) အဆောင်(၁၀)နှင့် အမျိုးသမီး တပ်ခွဲ(၄) ပင်မအဆောင်(၆)တို့အားလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၂) သင်တန်းဆင်းပွဲတွင် သင်တန်းသူစံပြဆုရ အလယ်တန်းပြဆရာမ ဒေါ်ချိုချိုလွင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နှုတ်ဆက်

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

သာသနာရေးစာမေးပွဲများ ကျင်းပမြဲအတိုင်းကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပလျက်ရှိသော ဓမ္မာစရိယစာမေးပွဲ၊ ပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲများကို နှစ်စဉ် ကျင်းပမြဲအတိုင်း ယခုနှစ်တွင် ကျင်းပမည်ဖြစ်ရာ ပထမပြန်စာမေးပွဲ ဘာသာပြန်ကျမ်းစာများကို ပထမကြီးတန်းတွင် ပြဋ္ဌာန်းကျမ်းစာအဖြစ် ကောဒသကနိပါတ်အစမှ ပကိဏ္ဏကနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း၄၂)၊ ပထမလတ်တန်းတွင် ဒုကနိပါတ်ကာသာဝဂ်အစမှ ဥဒပါနဝဂ်အဆုံးအထိ (ဇာတ်ပေါင်း–၆၀)နှင့် ပထမငယ်တန်းတွင် ကုလာဝကဝဂ်အစမှ ဣတ္တိဝဂ် အနဘိရတိ ဇာတ်အဆုံးအထိ (ဇာတ်ပေါင်း ၃၅)တို့ကို ၂၀၀၈ခုနှစ်မှစ၍ ပြဋ္ဌာန်းလိုက်ကြောင်း သာသနာရေးဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးအတွက် နှစ်ဖက်သော အဘိုးအဘွားမိဘများအား အမှူးထား၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၇ရပ်ကွက် သဒ္ဒါရုံလမ်း အမှတ် ၁၈နေ ဦးခွန်ဘချစ်နှင့်ဒေါ်နန်းစန်းတင့် မိသားစုတို့က အလှူငွေရင်းဂစ် ၄၁၆ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တရားရုံးချုပ်(နေပြည်တော်) တရားမအထူးအယူခံမှု (၆)မှု ကြားနာ

နေပြည်တော် အောက်တိုဘာ ၈

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ်(မန္တလေး)တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးသက်ထွန်းနှင့် ဦးကျော်ဝင်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု (၆)မှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉–၁၀–၂၀၀၇ (အင်္ဂါနေ့)

AM & PM

၇:၀၀	– ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	– ၁:၀၅	"ယုံကြည်မှုနဲ့သွားရမယ်" တရားတော် (ဒုတိယပိုင်း) [အရှင်ဇေယျပဏ္ဍိတ(ပိုင်းလော့ဆရာတော်)]
၇:၅၅	– ၁:၅၅	မန္တလာမေနဲ့ မန္တလေး–ပြင်ဦးလွင်ကိုသွားကြစို့
၈:၀၅	– ၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀	– ၂:၁၀	Sunday Talk
၉:၀၅	– ၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	– ၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀	– ၃:၂၀	ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အတူဖြစ်ပေါ်လာသောရောဂါများ(သွေးလွန်တုပ်ကွေး) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာစောလွင်)
၉:၅၅	– ၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	– ၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	– ၄:၀၅	ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင်စက်ရုံကကူညီမှာ
၁၀:၃၅	– ၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀	– ၄:၄၀	ကြည်နူးခံစားလက်ဆောင် ထုပ်ပိုးမှုများ
၁၀:၅၅	– ၄:၅၅	တေးဂီတအစီအဉ်
၁၀:၅၀	– ၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀	– ၅:၀၀	လိုရာခရီးအရောက်သွားနိုင်ဖို့ သုံးဘီးဆိုင်ကယ်စီးကြစို့
၁၁:၁၅	– ၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅	– ၅:၂၅	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၁:၃၅	– ၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	– ၅:၄၀	စားဖွယ်အဖုံဖုံမှန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
၁၁:၅၀	– ၅:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅	– ၅:၅၅	Music Gallery (ဖြူ–အမြတ်နိုးဆုံး)
၁၂:၂၀	– ၆:၂၀	ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁၂:၃၀	– ၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅	– ၆:၃၅	သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့်မြန်မာနိုင်ငံ (အပိုင်း–၁)
၁:၀၀	– ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စည်းကမ်းရှိ၍ တာဝန်သိစေချင်သည်

ဗညားအောင်

အမျိုးသားညီလာခံက စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဆိုသည့် စကားရပ်ကို အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများတွင် ဖော်ပြရန်အတည်ပြုခဲ့သည့်အခါ ပြည်တွင်း၊ ပြည်ပမှ တပ်မတော်အစိုးရအပေါ် ဝေဖန်ပုတ်ခတ်ဆန့်ကျင်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်အများအပြားက ထိုစကားအသုံးအနှုန်းအပေါ် ပြင်းထန်စွာ ဝေဖန်လာခဲ့သည်ကို တွေ့ရပါသည်။ ထိုသူတို့က စည်းကမ်းပြည့်ဝသည့်ဆိုသည့် စကားလုံးသည် မြန်မာ့နိုင်ငံရေးတွင် တပ်မတော်မှ အာဏာကို ဆက်လက်ချုပ်ကိုင်ထားမည်ကို ဖော်ပြခြင်းပင်ဖြစ်သည်ဟု ဆိုကြပါသည်။

အဘယ့်ကြောင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဟု ပြောနေရသနည်း။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့နိုင်ငံသမိုင်းတွင် နိုင်ငံရေးပါတီများသည် ဘယ်အခါကမျှ စည်းနှင့်ကမ်းနှင့် ဒီမိုကရေစီကျင့်စဉ်များကို ကျင့်သုံးခဲ့ခြင်း မရှိခြင်းကြောင့်ဟုပင် ဆိုရပါမည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့သောအချိန်ကို ပြန်လေ့လာကြည့်လျှင် အာဏာရပါတီဖြစ်သည့် ဖဆပလရော၊ အတိုက်အခံပါတီများကပါ မိမိပါတီအာဏာရရေးအတွက် နည်းလမ်းပေါင်းစုံ သုံးခဲ့သည်ကို တွေ့နိုင်ပါသည်။ အာဏာရပါတီမှ ဒေသလိုက် ခေါင်းဆောင်များ၊ လွှတ်တော်အမတ်များကလည်း မိမိနယ်မြေတွင် ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းပြီး ဗိုလ်ကျခဲ့သည်။ လယ်ဝေး သခင်ကြည်ရှိန်၊ ပျဉ်းမနား ဗိုလ်တောက်ထိန်၊ ရေတာရှည်မှ အောင်ကြီးယန္တရားတပ်၊ မိတ္ထီလာဆရာထီ စသည့် တပ်ဖွဲ့များမှာ ထိုအချိန်က နာမည်ကြီးလှသည့် နိုင်ငံရေးသမားများ၏ ခါးပိုက်ဆောင်တပ်ဖွဲ့အချို့ဖြစ်ပါသည်။ ထိုတပ်ဖွဲ့များ၏ ထင်ရာစိုင်းပြီးလုပ်နေသမျှကို အစိုးရဌာနများကပင် တားဆီးနိုင်ခြင်းမရှိဘဲ လက်ပိုက်ကြည့်နေခဲ့ရသည်။ အတိုက်အခံများကလည်း မခေလှပါ။ သောင်းကျန်းသူများအားကိုးဖြင့် ဒေသခံပြည်သူကို အနိုင်ကျင့်ခဲ့ကြသည်။ အစိုးရဘက်တော်သားဟု ယူဆသူများကို သတ်ဖြတ်ခဲ့ကြသည်။

ထို့အတူ သံဃာ၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ စီးပွားရေး လုပ်ငန်းရှင်များ ကဏ္ဍအသီးသီးကို နိုင်ငံရေးပါတီများက ထိုးဖောက်စည်းရုံးကြသည်။ လူတန်းစား အလွှာအသီးသီးတွင် ပါတီများကို ကိုယ်စားပြုသော သမဂ္ဂများ၊ အဖွဲ့အစည်းများ အပြိုင်အဆိုင် ပေါ်ပေါက်လာကြသည်။ ထိုအဖွဲ့အစည်းများသည် သက်ဆိုင်ရာ လူတန်းစားအလွှာကို ကိုယ်စားပြုရန်ထက် ရွေးကောက်ပွဲတွင် မိမိလိုလားသောပါတီကို မဲပေးရန်အတွက် စည်းရုံးရန်သာဖြစ်ခဲ့သည်။ ထို့ကြောင့် ရွေးကောက်ပွဲရာသီတွင် ပြိုင်ဘက်အုပ်စုချင်း မဲဆွယ်ရာမှ ရိုက်ပွဲ၊ နှက်ပွဲများ ဖြစ်ခဲ့ရသည်ကို ထိုအချိန်က သတင်းစာများတွင် တွေ့နိုင်ပါသည်။ ရွေးကောက်ပွဲပြီးလျှင် အနိုင်ရသောပါတီကို ထောက်ခံသည့်အုပ်စုများ အခွင့်အရေးရမည်၊ အတိုက်အခံကို ထောက်ခံခဲ့သူများ နှိပ်ကွပ်ခံရမည်။ ထိုသည်မှာ ပါလီမန်ဒီမိုကရေစီခေတ်က နိုင်ငံရေးပုံသေနည်းပင် ဖြစ်ခဲ့သည်။

ဒီမိုကရေစီစနစ်တွင် ပါတီနိုင်ငံရေးတွင်မပါဘဲ ကြားနေရမည့် အစိုးရဝန်ထမ်းများပင် ထိုခေတ်နိုင်ငံရေးအာဏာလုမှုများ၏ ဒဏ်ကို ခံခဲ့ရသည်။ ရွေးကောက်ပွဲနီးချိန်ရောက်လျှင် အရေးကြီးသည့် မဲဆန္ဒနယ်များသို့ စိတ်ချရသော အစိုးရအရာရှိများကို ပြောင်းရွှေ့တာဝန်ပေးပြီး အာဏာရပါတီအနိုင်ရအောင် နည်းမျိုးစုံသုံးဆောင်ရွက်ကြသည်။ ကြားနေသော၊ သမာသမတ်ကျသော အရာရှိများမှာ မျက်နှာသာပေးမခံရဘဲ ချောင်ထိုးခံခဲ့ရသည်။ ဖဆပလ နှစ်ခြမ်းကွဲချိန်တွင်မူ သန့်ရှင်းအစိုးရက တည်မြဲနှင့်နီးစပ်သည်ဟု ယူဆရသော အစိုးရအရာရှိအားလုံးကို နုတ်ထွက်စေခြင်း၊ အရေးမပါသောနေရာများသို့ ရွှေ့ပြောင်းခြင်းတို့ကို ပြုလုပ်ခဲ့၏။

နိုင်ငံရေးပါတီများ၏ဒဏ်ကို စာနယ်ဇင်းများပင် ခံခဲ့ရသည်။ အစိုးရကို ဝေဖန်သော သတင်းစာတိုက်များကို အစိုးရထောက်ခံသူများက တိုက်ခိုက်ပြီး ပုံနှိပ်စက်များ၊ စာဖောင်များကို ဖျက်ဆီးသကဲ့သို့ အတိုက်အခံကို ဝေဖန်သော သတင်းထောက်များကိုလည်း အတိုက်အခံတို့က သောင်းကျန်းသူများနှင့် ပေါင်း၍ သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်းကို လုပ်ခဲ့ကြသည်။ တကယ်တမ်း ပြောရလျှင် ပါလီမန်ဒီမိုကရေစီခေတ်တွင် ဥပဒေအရ အရေးယူခံရသော နိုင်ငံရေးသမား၊ စာနယ်ဇင်းသမားများ၏ အရေအတွက်မှာ လမ်းစဉ်ပါတီခေတ်ထက်ရော၊ တပ်မတော်အစိုးရထက်ပါ အဆပေါင်းများစွာ ပိုခဲ့ပါသည်။ ဆရာကြီးရွှေဥဒေါင်းကဲ့သို့သော သိက္ခာ၊ သမာဓိရှိလှသည့် စာရေးဆရာကြီးပင် ဖဆပလအစိုးရ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ အဖမ်းခံရသူများကို အင်းစိန်ထောင်ကိုကျော်ပြီး ကိုကိုးကျွန်းအထိ ပို့ခဲ့သောကြောင့် ထိုခေတ်က ကိုကိုးကျွန်းပြန်ဆိုသည့် လူတန်းစားတစ်ရပ်ပင် ပေါ်လာခဲ့သေးသည်။

ထိုခေတ်က နိုင်ငံရေးသည် အာဏာနိုင်ငံရေး သက်သက်သာဖြစ်သောကြောင့် အစိုးရရော၊ အတိုက်အခံကပါ အာဏာရလျှင် ဘာပဲလုပ်ရ၊လုပ်ရ ဖြစ်ခဲ့ကြသည်။ အတိုက်အခံက ဥပဒေပြင်ပနည်းလမ်းများကို သုံးသကဲ့သို့ အာဏာရပါတီကလည်း ဥပဒေဘောင်အတွင်းမှရော၊ ဥပဒေပြင်ပမှပါ နည်းလမ်းပေါင်းစုံ သုံးခဲ့သည်။ နောက်ဆုံးတွင် ဘာသာရေးကို နိုင်ငံရေး၌ အသုံးချခြင်းကို ပိတ်ပင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုပင် ချိုးဖောက်ပြီး ဘာသာရေးကို ခုတုံးလုပ်ခဲ့သဖြင့် နိုင်ငံတော်ဘာသာ ပြဿနာပေါ်ပေါက်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပင် ထိခိုက်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်ပါသည်။

အာဏာရပါတီ ဖဆပလအတွင်း တည်မြဲ၊သန့်ရှင်း နှစ်ခြမ်းကွဲခဲ့သည့်အခါ ပါတီပြဿနာကို ပါတီအတွင်း၌ပင် ဒီမိုကရေစီနည်းကျ ဖြေရှင်းရမည့်အစား လွှတ်တော်အတွင်းသို့ သယ်ဆောင်လာခဲ့သည်။ အနိုင်မဲရရေးအတွက် တစ်သက်လုံး နှိပ်ကွပ်လာခဲ့သော ပမညတကိုလည်းကောင်း၊ ပြည်နယ်အမတ်များကိုလည်းကောင်း ကတိတွေအမျိုးမျိုးပေးပြီး စည်းရုံးခဲ့ကြပါသည်။ ပြည်နယ်အသစ်များ သတ်မှတ်ရေး၊ ဗမာပြည် ကွန်မြူနစ်ပါတီကို တရားဝင်ပါတီအဖြစ် ရပ်တည်ခွင့်ပေးရေးမှအစ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ပြီး ပြည်နယ်များကို အခွင့်အာဏာပိုပေးရေးအဆုံး ကတိအမျိုးမျိုး ပေးခဲ့ကြသည်။

၁၉၆၀ ရွေးကောက်ပွဲနီးလာသောအခါ နိုင်ငံတော် ဘာသာကိစ္စကိုပါ ရှေ့တန်းတင်လာခဲ့သည်။ ဖဆပလ အကွဲအပြဲကြောင့် တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရန် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူနေရသော တပ်မတော်က နိုင်ငံရေးအာဏာရရန်အတွက် တိုင်းပြည်ကို ထိခိုက်စေမည့်လုပ်ရပ်များ မပြုလုပ်ကြရန် သတိပေးခဲ့သည်။ သို့သော် ထိုအချိန်က နိုင်ငံရေးပါတီများက ထိုသတိပေးချက်များကို လျစ်လျူရှုခဲ့သည့်အပြင် တပ်မတော်ကိုပါ နိုင်ငံရေးအကွဲအပြဲအတွင်းသို့ ဆွဲသွင်းရန် လုပ်ဆောင်ခဲ့ကြပါသည်။ သန့်ရှင်းနှင့် ပမညတတို့က တပ်မတော်ကို ရန်သူအဖြစ်သဘောထားပြီး တိုက်ခိုက်ခဲ့ကြသည်။ တည်မြဲအုပ်စုကတော့

စာမျက်နှာ ၅ ကော်လံ ၁ သို့

ဘ၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သော နိုင်ငံရေးပါတီများ မည်မျှ စည်းကမ်းမဲ့ခဲ့သည်ကိုရွေးကောက်ပွဲအသုံးစရိတ်များရှင်းလင်းရန် ပျက်ကွက်မှုတွင် တွေ့နိုင်ပါသည်။ ဒီမိုကရေစီနိုင်ငံတိုင်းတွင် နိုင်ငံရေးသမားများ၏ အဂတိ လိုက်စားမှုများ၊ ရွေးကောက်ပွဲအကျင့်ပျက်မှုများကိုကာကွယ်ရန်အတွက် ရွေးကောက်ပွဲရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုများကို စာရင်းဇယားထားရှိရန်၊ ရွေးကောက်ပွဲပြီးချိန်တွင် ထိုစာရင်းဇယားများကိုတင်ပြပြီး အစစ်ဆေးခံရန် ဥပဒေဖြင့် သတ်မှတ်ထားကြပါသည်။

၁၉၉၀ ရွေးကောက်ပွဲ ဥပဒေတွင်လည်း အလားတူပင် ပြဋ္ဌာန်းထားခဲ့ပါသည်။ သို့သော် လွှတ်တော် ကိုယ်စားလှယ်အများစုက အမိန့်ဟူသမျှ ဗီဆန်ကြဆိုသည့် ပါတီမူဝါဒနှင့် အညီ ရွေးကောက်ပွဲ အသုံးစရိတ်များကို တင်ပြရန် ငြင်းဆိုခဲ့ကြပါသည်။ ဒီမိုကရေစီနိုင်ငံတိုင်းတွင် လက်ခံကျင့်သုံးနေသည့် ကျင့်စဉ်တစ်ခုကိုပင် လိုက်နာရန်ပျက်ကွက်ခဲ့သည့် ပါတီကိုယ်စားလှယ်များက ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်မည်ဆိုသည်မှာ ယုံရခက်လှပါသည်ဟုပင် ဆိုရပါမည်။

တပ်မတော်အစိုးရဘက်မှ ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်နေချိန်တွင် နိုင်ငံရေးပါတီများကရော ဒီမိုကရေစီပေါ်ပေါက်ရေးအတွက် ဘာတွေလုပ်နေခဲ့ပါသလဲ။ အချို့ပါတီများမှာ ယနေ့အချိန်အထိ အာဏာနိုင်ငံရေးအထဲမှ မထွက်နိုင်သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရ။

မိမိပါတီ အာဏာရမှသာ ဒီမိုကရေစီ တည်ဆောက်နိုင်မည်ဟုယူဆပြီး အာဏာရရေးအတွက် နည်းလမ်းမျိုးစုံသုံးနေဆဲ ဖြစ်သည်ကို တွေ့ရပါသည်။ ထိုကဲ့သို့သော ပါတီများနှင့် စနစ်တကျ အသွင်ကူးပြောင်းရေးကို လိုလားသည့်တပ်မတော် အစိုးရကြားတွင် ယုံကြည်မှု မတည်ဆောက်နိုင်သည်မှာ ထူးဆန်းသည်ဟု မဆိုနိုင်ပါ။

9-10 (04) 1 10/9/07, 1:42 AM

မိမိနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ပြီး နောင်လာနောက်သားများကို အမွေပေးခဲ့ချင်သည်ဆိုလျှင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို တည်ဆောက်ရန်မှတစ်ပါး အခြားရွေးစရာလမ်းမရှိပါ။ စည်းကမ်းမဲ့သော ဒီမိုကရေစီစနစ်၏ ဆိုးကျိုးများကို ပါလီမန်ဒီမိုကရေစီ စနစ်တွင် တွေ့ခဲ့ပြီးပါပြီ၊ တင်းကျပ်လွန်းသော ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်၏ အားနည်းချက်များကို လမ်းစဉ်ပါတီခေတ်တွင် ကြုံခဲ့ပြီးဖြစ်ပါသည်။ ထိုအတိတ်သမိုင်းသင်ခန်းစာများ၊ နိုင်ငံတော်၏ ပကတိအရှိတရားများကို အခြေခံပြီး အမျိုးသားညီလာခံမှ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်ပါသည်။ ထိုရည်မှန်းချက်ကို ရောက်ရှိရန်အတွက် သွားရမည့်လမ်းကြောင်းဖြစ်သည့် မူဝါဒလမ်းစဉ်(၇)ရပ်လည်း ရှိနေပြီဖြစ်သည်။ ထိုလမ်းကြောင်းအတိုင်း အားလုံး ညီညီညာညာ၊ စည်းစည်းလုံးလုံး၊ စည်းကမ်းရှိရှိဖြင့် ချီတက်နိုင်မည့်အခွင့်အရေး ကျွန်တော်တို့အားလုံး ရှေ့တွင် ရှိနေပါပြီ။ ထိုအခွင့်အရေးကိုအရယူပြီး သမိုင်းပေးတာဝန် ကျေပွန်အောင် ထမ်းဆောင်ကြစေချင်ပါသည်။

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

တပ်မတော်က သူတို့ဘက်ကရပ်တည်ပြီး မဲခိုးပေးရန် စည်းရုံးခဲ့ကြသည်။ ထို့ကြောင့်ပင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားအားလုံး တိကျစွာကြားနေရန် ညွှန်ကြားချက်ထုတ်ခဲ့ရသည်။ ရွေးကောက်ပွဲအပြီးတွင်လည်း တည်မြဲအတွက် မဲခိုးပေးသော၊ မဲဆန္ဒရှင်များကို ခြိမ်းခြောက်ပြီး မဲထည့်ခိုင်းခဲ့သော တပ်မှူးကြီးများကို တပ်မတော်မှ အငြိမ်းစားပေးခဲ့ရသည်။ ယနေ့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တပ်မှူးဟောင်းအများစုသည် ထိုရွေးကောက်ပွဲ မသမာမှုများတွင် ပါဝင်သဖြင့် အငြိမ်းစားယူခဲ့ရသူများ ဖြစ်ကြပါသည်။

၁၉၉၀ ရွေးကောက်ပွဲမတိုင်မီကာလကိုလည်း လေ့လာကြည့်ပါ။ နိုင်ငံရေးပါတီအများစုမှာ တပ်မတော်ကို လက်ညှိုးထိုးပြီး ဝေဖန်ခြင်းကိုသာ ပါတီမူဝါဒအဖြစ် ကျင့်သုံးခဲ့ကြသည်။ ထိုအချိန်က တပ်မတော်အနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ ဒိုင်လူကြီးအဖြစ်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ပါတီအများစုက ဒိုင်လူကြီးကို ဝေဖန်ပုတ်ခတ်သည့်အလုပ်ကိုသာ လုပ်နေခဲ့ကြပြီး တစ်ပါတီစနစ်မှ ပါတီစုံစနစ်သို့ ကူးပြောင်းစကာလတွင် ပြည်သူများကို ဒီမိုကရေစီကျင့်စဉ်များ နားလည်အောင် ညွှန်ပြပေးရမည့်အစား အာဃာတတရားများ၊ အစွန်းရောက်အတွေးအခေါ်များ၊ ထိပ်တိုက်ရင်ဆိုင်မှု သဘောတရားများကိုသာ ဖြန့်ဝေပေးခဲ့ကြသည်။ တာဝန်သိသိ၊ စည်းကမ်းရှိရှိဖြင့် မဲဆွယ်လှုပ်ရှားခဲ့သော ပါတီအချို့ ရှိခဲ့သော်လည်း အစွန်းရောက်ပါတီများကို ကျော်လွှားနိုင်ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သော နိုင်ငံရေးပါတီများ မည်မျှစည်းကမ်းမဲ့ခဲ့သည်ကို ရွေးကောက်ပွဲအသုံးစရိတ်များ ရှင်းလင်းရန်ပျက်ကွက်မှုတွင် တွေ့နိုင်ပါသည်။ ဒီမိုကရေစီနိုင်ငံတိုင်းတွင် နိုင်ငံရေးသမားများ၏ အဂတိလိုက်စားမှုများ၊ ရွေးကောက်ပွဲ အကျင့်ပျက်မှုများကို ကာကွယ်ရန်အတွက် ရွေးကောက်ပွဲရန်ပုံငွေ ရရှိမှုနှင့် သုံးစွဲမှုများကို စာရင်းဇယားထားရှိရန်၊ ရွေးကောက်ပွဲပြီးချိန်တွင် ထိုစာရင်းဇယားများကိုတင်ပြပြီး အစစ်ဆေးခံရန် ဥပဒေဖြင့် သတ်မှတ်ထားကြပါသည်။ ၁၉၉၀ ရွေးကောက်ပွဲ ဥပဒေတွင်လည်း အလားတူပင် ပြဋ္ဌာန်းထားခဲ့ပါသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်အများစုက အမိန့်ဟူသမျှ ဖီဆန်ကြဆိုသည့် ပါတီမူဝါဒနှင့်အညီ ရွေးကောက်ပွဲ အသုံးစရိတ်များကိုတင်ပြရန် ငြင်းဆိုခဲ့ကြပါသည်။ ဒီမိုကရေစီနိုင်ငံတိုင်းတွင် လက်ခံကျင့်သုံးနေသည့် ကျင့်စဉ်တစ်ခုကိုပင် လိုက်နာရန်ပျက်ကွက်ခဲ့သည့် ပါတီကိုယ်စားလှယ်များက ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်မည်ဆိုသည်မှာ ယုံရခက်လှပါသည်ဟုပင် ဆိုရပါမည်။

လွတ်လပ်ရေးရပြီးချိန်မှစပြီး ထိုဗရုတ်ဗရက် ဒီမိုကရေစီများကို ဖြတ်သန်းလာခဲ့ရသော တပ်မတော်ခေါင်းဆောင်များအနေဖြင့် အနာဂတ်တွင် ပေါ်ပေါက်လာမည့် ဒီမိုကရေစီစနစ်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်အဖြစ် မြင်လိုသည်မှာ သဘာဝကျသည်ဟုပင် ဆိုရပါမည်။ ထို့ပြင် နိုင်ငံရေးပါတီများ၏ အာဏာလုပွဲများကြောင့် ပေါ်လာရသမျှ ပြဿနာများကို တပ်မတော်က နိုင်ငံတာဝန်ကို လွှဲပြောင်းရယူခြင်းဖြင့် ဖြေရှင်းနေရသည့် အခြေအနေများကို ရှောင်လွှဲနိုင်ရန်မှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးမှဖြစ်နိုင်ပါမည်။ ထို့ကြောင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဆိုသည့် အယူအဆသည် မြန်မာနိုင်ငံ၏ အတိတ်သမိုင်း သင်ခန်းစာများနှင့် နိုင်ငံ၏လက်ရှိ ပကတိအရှိတရားများကို အခြေခံပြီး ပေါ်ပေါက်လာခြင်းသာဖြစ်သည်ဟု ဆိုရပါမည်။

စည်းကမ်းပြည့်ဝသည့် ဆိုသော စကားလုံးကို ဝေဖန်နေသူများအနေဖြင့် ထိုစကားလုံး၏ရှေ့တွင်ပါရှိသည့် စစ်မှန်သော ဆိုသည့် စကားကို သတိပြုရန် မေ့နေသည်ဟု ထင်ပါသည်။ ထိုစကားလုံးက ပြည်သူများအနေဖြင့် ဒီမိုကရေစီကို မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိနှင့် ခိုင်ခိုင်မာမာ ကျင့်သုံးရန်ရည်ရွယ်ကြောင်း တိတိကျကျ ဖော်ပြထားခြင်းပင် ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် အရည်အချင်းပြည့်ဝရန် လိုသကဲ့သို့ ပြည်သူလူထုအနေဖြင့်လည်း အသိပညာ ဗဟုသုတကြွယ်ဝရန် လိုအပ်ပါသည်။ မြန်မာ့နိုင်ငံရေးသမိုင်းကို ပြန်လေ့လာပါက ပါလီမန်ဒီမိုကရေစီခေတ်တွင် မဲဆန္ဒရှင် အများစုမှာ ပုဂ္ဂိုလ်ခင်ပြီး မဲပေးခဲ့ကြသည်။ အမတ်လောင်းများ၏ မစားရဝခမန်း ကတိတွေ၊ မဲဆွယ်ပွဲကာလတွင် ထမင်းကျွေး လက်ဆောင်ပေးခြင်းတွေကြောင့် မဲပေးခဲ့ကြသည်။ တစ်ခါတစ်ရံ ရပ်ရွာတွင် ဩဇာရှိသော သံဃာများ၊ လူကြီးသူမများက ထောက်ခံခိုင်းသည့်သူကို ထောက်ခံကြသည်။ အာဏာပိုင်အဖွဲ့အစည်းများ၊ ခါးပိုက်ဆောင်တပ်ဖွဲ့များ၊ သောင်းကျန်းသူများက ခြိမ်းခြောက် မဲထည့်ခိုင်းသဖြင့် ထည့်ခဲ့ရသည့်ဖြစ်စဉ်များလည်း အများအပြားရှိခဲ့သည်။

လမ်းစဉ်ပါတီခေတ်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ လည်းကောင်း၊ ပါတီစည်းမျဉ်းများအရလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်အတွက် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင် ဆိုရှယ်လစ်ဒီမိုကရေစီကျင့်စဉ်အရ မဲဆန္ဒရှင်များအနေဖြင့် စိတ်ကြိုက်ရွေးချယ်ခွင့်၊ အဆိုပြုခွင့်များ ပေးအပ်ထားပါသည်။ သို့သော် ပြည်သူအများစုမှာ မိမိတို့၏အခွင့်အရေးများကို သိလည်းမသိ၊ စိတ်လည်းမဝင်စားဘဲ ပါတီကချပေးသမျှကို စကားနည်းရန်စဲသဘောဖြင့် ထောက်ခံလိုက်ကြသည်ကို တွေ့ခဲ့ရပါသည်။

ထိုသင်ခန်းစာများအရ မဲဆန္ဒရှင်ပြည်သူများ၏ အသိပညာဗဟုသုတပြည့်ဝရေးသည် ဒီမိုကရေစီစနစ် ဖော်ဆောင်မှုတွင် အရေးကြီးသည်ကို တွေ့ရပါမည်။ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို ကြည့်လျှင်လည်း ပြည်သူများ အထူးသဖြင့် မဲဆန္ဒရှင်အများစုရှိနေသည့် ကျေးလက်ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာဗဟုသုတ မြင့်မားမှုတို့ကို ဦးတည် ဆောင်ရွက်နေသည်ကို တွေ့နိုင်သည်။ အထူးဖွံ့ဖြိုးရေးဇုန်များ သတ်မှတ်၍ ပညာရေးအခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်နေခြင်းနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နေခြင်းများအားလုံးသည် လူ့အဖွဲ့အစည်းတစ်ခုလုံး စွမ်းရည်မြင့်မားစေရန်အတွက် Capacity Building အတွက် ရည်ရွယ်ဆောင်ရွက်နေသည်မှာ သိသာထင်ရှားပါသည်။

ထိုကဲ့သို့ တပ်မတော်အစိုးရဘက်မှ ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်နေချိန်တွင် နိုင်ငံရေးပါတီများကရော ဒီမိုကရေစီပေါ်ပေါက်ရေးအတွက် ဘာတွေ လုပ်နေခဲ့ပါသလဲ။ အချို့ပါတီများမှာ ယနေ့အချိန်အထိ အာဏာနိုင်ငံရေးအထဲမှ မထွက်နိုင်သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရပါသည်။ မိမိပါတီအာဏာရမှသာ ဒီမိုကရေစီ တည်ဆောက်နိုင်မည်ဟုယူဆပြီး အာဏာရရေးအတွက် နည်းလမ်းမျိုးစုံသုံးနေဆဲ ဖြစ်သည်ကို တွေ့ရပါသည်။ ထိုကဲ့သို့သောပါတီများနှင့် စနစ်တကျအသွင်ကူးပြောင်းရေးကိုလိုလားသည့် တပ်မတော်အစိုးရကြားတွင် ယုံကြည်မှုမတည်ဆောက်နိုင်သည်မှာ ထူးဆန်းသည်ဟုမဆိုနိုင်ပါ။

၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးပါတီများကိုဖွဲ့စည်းပေးခဲ့ချိန်မှ စတင်ပြီး NLD နှင့် မဟာမိတ်ပါတီများသည် အနောက်မီဒီယာများက နာမည်တပ်ပေးထားသည့် အတိုက်အခံပါတီများဆိုသည့် အခေါ်အဝေါ်ကို သာယာနေပုံပေါ်သည်။ အတိုက်အခံဆိုသည့်အတိုင်း အစိုးရဘာလုပ်လုပ် အတိုက်အခံလုပ်ရမည်ဆိုသည့် လမ်းကြောင်းပေါ်သို့ ရောက်သွားခဲ့သည်။ တကယ်တော့ ယခုကာလတွင် အတိုက်အခံပါတီမရှိပါ။ ယနေ့ အချိန်ကာလတွင် တပ်မတော်အစိုးရက ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပါတီများကို ဖွဲ့စည်းပေးခဲ့သည်။ ထိုပါတီအချင်းချင်းသာ မည်သည့်ပါတီ၏မူဝါဒက တိုင်းပြည်အတွက် ပိုမိုအကျိုးရှိမည်ကို ပြိုင်ကြရမည် ဖြစ်ပါသည်။ တပ်မတော်အစိုးရသည် ဒိုင်လူကြီးသာဖြစ်ပါသည်။ ဒိုင်လူကြီးက မျှတသော၊ စည်းကမ်းရှိသော ယှဉ်ပြိုင်မှုဖြစ်အောင်သာ ကြီးကြပ်ပေးမည် ဖြစ်ပါသည်။ ထိုအချိန်တွင် အတိုက်အခံပါတီအမည်ခံပြီး အစိုးရလုပ်သမျှ ဆန့်ကျင်နေလျှင်၊ အစိုးရပြုတ်ကျပြီး ဖြတ်လမ်းနည်းဖြင့် အာဏာရရေးကိုကြိုးစားနေလျှင်မူ အမှားကြီးမှားနေပြီဟုသာ ဆိုရပေမည်။

ဒီမိုကရေစီစနစ်ကို အခြေခိုင်စွာ ကျင့်သုံးနေသော နိုင်ငံများတွင် အတိုက်အခံပါတီများ၏ လုပ်ဆောင်ချက်များကိုလေ့လာပါက အစိုးရလုပ်သမျှ အတိုက်အခံပြုနေခြင်းမဟုတ်ဘဲ အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်လာလျှင် အစိုးရဖွဲ့ထားသည့် ပါတီရော၊ အတိုက်အခံ ပါတီကပါ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံကို လေ့လာပါက ဒီမိုကရက်တစ်ပါတီအနေဖြင့် ဘုရှ်၏ အီရတ်စစ်ပွဲမူဝါဒကို ဝေဖန်နေသည့်တိုင် အမေရိကန်တို့၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် ကမ္ဘာပေါ်တွင် တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံတွင်မူ ပါလီမန်ဒီမိုကရေစီခေတ်ကလည်း ပါတီများက မိမိအာဏာရရေးကို အမျိုးသားအကျိုးစီးပွားဟု ယူဆခဲ့ကြသည်။ ယခုအချိန်တွင်လည်း ထိုခေတ်ကလိုပင် ရှုမြင်နေဆဲ၊ မင်းသားကြီးမလုပ်ရလျှင် ပတ်မထိုးဖောက်မည် ဆိုသည့် အတွေးအခေါ်များ ရှိနေဆဲဖြစ်သည်ကို တွေ့နေဆဲဖြစ်သည်။

ယခုအချိန်တွင် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံ ပြီးဆုံးခဲ့ပြီ ဖြစ်ပါသည်။ ထိုမှတစ်ဆင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အဆင့်ဆင့် ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အမျိုးသားညီလာခံပြီးဆုံးသည့် အခမ်းအနားတွင် ညီလာခံကျင်းပရေးကော်မရှင်မှ တာဝန်ရှိသူများက ညီလာခံပြီးသွားသော်လည်း အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာကျန်သေးကြောင်းနှင့် ယခုမှ စတင်တာလွှတ်ခြင်းဖြစ်သည်ဟု သဘောထားရန် ထည့်သွင်းပြောကြားသွားသည်ကို ဖတ်မှတ်လိုက်ရပါသည်။

မှန်ပါသည်။ ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းများစွာကျန်ပါသေးသည်။ ထိုလုပ်ငန်းများကို တပ်မတော်အစိုးရတစ်ခုတည်းကလည်း လုပ်၍မရပါ။ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုများ၊ နိုင်ငံ့ဝန်ထမ်းများအားလုံး ပါဝင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ သို့သော် မည်သည့်လုပ်ငန်းများ ဆောင်ရွက်ရသည်ဖြစ်စေ ပါဝင်လုပ်ဆောင်သူအားလုံးက စည်းကမ်းတကျ တရားဥပဒေနှင့်အညီဆောင်ရွက်ရန် လိုအပ်သည်မှာတော့ သေချာပါသည်။ အနာဂတ်နိုင်ငံတော် တည်ဆောက်မှုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ချင်သည်ဆိုလျှင် လက်ရှိ နိုင်ငံရေးပါတီများအနေဖြင့် စည်းကမ်းရှိဖို့၊ တာဝန်သိတတ်ဖို့ လိုပါလိမ့်မည်။ အနာဂတ်နိုင်ငံရေးတွင်ပါဝင်ရန် မျှော်လင့်နေသူများကလည်း အလားတူပင် စည်းကမ်းရှိဖို့၊ တာဝန်သိဖို့ လိုပါလိမ့်မည်။ အတိတ်ကကျင့်သုံးခဲ့သော အစွန်းရောက် အယူအဆတွေ၊ မြေအောက်နည်းနာတွေ၊ နိုင်ငံရေးလက်သီးပုန်းထိုးမှုတွေနှင့် အကြမ်းဖက်မှုတွေကို ခဝါချပြီး စိတ်သစ်၊ လူသစ်၊ အမြင်သစ်ဖြင့် ပြန်စကြရပါမည်။

မိမိနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ပြီး နောင်လာ နောက်သားများကို အမွေပေးခဲ့ချင်သည်ဆိုလျှင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို တည်ဆောက်ရန်မှတစ်ပါး အခြားရွေးစရာလမ်းမရှိပါ။ စည်းကမ်းမဲ့သော ဒီမိုကရေစီစနစ်၏ ဆိုးကျိုးများကို ပါလီမန်ဒီမိုကရေစီစနစ်တွင် တွေ့ခဲ့ပြီးပါပြီ။ တင်းကျပ်လွန်းသော ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်၏အားနည်းချက်များကို လမ်းစဉ်ပါတီခေတ်တွင် ကြုံခဲ့ပြီးဖြစ်ပါသည်။ ထိုအတိတ်သမိုင်းသင်ခန်းစာများ၊ နိုင်ငံတော်၏ ပကတိအရှိတရားများကို အခြေခံပြီး အမျိုးသားညီလာခံမှ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်ပါသည်။ ထိုရည်မှန်းချက်ကို ရောက်ရှိရန်အတွက် သွားရမည့်လမ်းကြောင်းဖြစ်သည့် မူဝါဒလမ်းစဉ်(၇)ရပ်လည်း ရှိနေပြီဖြစ်သည်။ ထိုလမ်းကြောင်းအတိုင်း အားလုံး ညီညီ ညာညာ၊ စည်းစည်းလုံးလုံး၊ စည်းကမ်းရှိရှိဖြင့် ချီတက်နိုင်မည့် အခွင့်အရေး ကျွန်တော်တို့အားလုံးရှေ့တွင် ရှိနေပါပြီ။ ထိုအခွင့်အရေးကို အရယူပြီး သမိုင်းပေးတာဝန် ကျေပွန်အောင် ထမ်းဆောင်ကြစေချင်ပါသည်။ ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၅ရက် ညနေ ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြိုပို့ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ်

ဗုဒ္ဓဒေသနာတော် အကောင်းဆုံးရွတ်ဆိုမှု ရွေးချယ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်လှူဖွယ်ပစ္စည်းဆက်ကပ်

ရန်ကုန် အောက်တိုဘာ ၈

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒသမအကြိမ်မြောက် တိုင်းအဆင့် ဗုဒ္ဓဒေသနာတော် အကောင်းဆုံးရွတ်ဆိုမှု ရွေးချယ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ သန္တိသုခမွာ ရုံ၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ပန်းဘဲတန်းမင်းကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တနာဂိန္ဒာဘိဝံသ ထံမှ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက်ဆရာတော် သံဃာတော်များအား တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုးတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က ရေစက်ချ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၈

၂၀၀၇ခုနှစ် (၄၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေး ခန်းမတွင်ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်း တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ကချင်ပြည် နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်နှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့်ဖိတ် ကြားထားသူများ တက်ရောက်ကြ သည်။ အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာ စကားပြော ကြားသည်။

ပေးအပ်

ထို့နောက် ထူးချွန်ရဲတပ်ဖွဲ့ဝင်များ အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်ငါးသိန်း နှင့် ဝတ်စုံအစုံ ၁၀၀ကို တိုင်းမှူးကိုယ်စား ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိ ကြီးများက ပေးအပ်ရာ ပြည်နယ်ရဲတပ် ဖွဲ့မှူးက လက်ခံယူသည်။

ရာသီသီးနှံ

ဆက်လက်၍ တိုင်းမှူးက ပြည်နယ် ရဲတပ်ဖွဲ့ဝင်များမိသားစု၏ ဝင်ငွေတိုး စိုက်ပျိုးရေးလုပ်ငန်းများအတွက်နှစ်ရှည် ဝင်ငွေရ ရာသီသီးနှံလုပ်ငန်း ဖော်ဆောင် နိုင်ရန် ရော်ဘာမျိုးစေ့ ၄၃၀၀၀ကို ပေးအပ်ရာပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စန်းလွင်ကလက်ခံယူပြီးအခမ်းအနား ကိုရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ၂၀၀၇ခုနှစ် (၄၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နမ့်စံ ဓာတ်အားခွဲရုံသို့ပေးပို့တပ်ဆင်မည့် ထရန်စဖော်မာများ အမှတ်(၂)လျှပ်စစ်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန် တိုင်း အလုံမြို့နယ် ကမ်းနားလမ်းရှိ (Asia World) ကုန်တင်ကုန်ချ ဆိပ်ကမ်းသို့ရောက်ရှိပြီး (China Xian Electric Group)မှ တင်သွင်းရောက်ရှိလာသော ကျိုင်းတောင်း–နမ့်စံ(လွိုင်လင်) မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းပစ္စည်းများအနက် (132/66/11 KV) နမ့်စံဓာတ်အားခွဲရုံသို့ ပေးပို့တပ်ဆင်မည့် (20 MVA) ထရန် စဖော်မာ လေးလုံးအားမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့အား မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဒုတိယ ညွှန်ကြားရေးမှူး (ပစ္စည်း) ဦးမောင်စိုးက (20 MVA) ထရန်စဖော်မာလေးလုံး(AsiaWorld) ကုန်တင်ကုန်ချ ဆိပ်ကမ်းသို့ရောက်ရှိလာမှုအခြေအနေ၊ ထရန်စဖော်မာများ အားသက်ဆိုင်ရာအရည်အသွေးစစ်ဆေး တိုင်းတာရေးအဖွဲ့ဖြင့်စနစ်တကျစစ်ဆေး ဆောင်ရွက်ပြီးစီးမှုနှင့် ထရန်စဖော်မာ လေးလုံးအား နမ့်စံ(လွိုင်လင်) 132/66/11 KV ဓာတ်အားခွဲရုံသို့ မော်တော်ယာဉ်လေးစီးဖြင့် စနစ်တကျ တင်ပို့တပ်ဆင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည် စက်ယန္တရားများဖြင့် မော်တော်ယာဉ်များပေါ်သို့ ထရန်စဖော်မာများ တင်ဆောင်နေမှု၊ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီးဖြစ်သော ထရန်စဖော်မာများနှင့် (20 MVA)ထရန်စဖော်မာများ၊ နမ့်စံ(လွိုင်လင်)ဓာတ်အားခွဲရုံသို့တင်ပို့ထွက်ခွာသွားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အခြေအနေ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ ရန်ကုန်တိုင်းအတွင်း ရုံးချုပ်၊ ခရိုင်နှင့် မြို့နယ်လျှပ်စစ်ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ရန်ကုန်မြို့တော်အား လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းနှင့် နိုင်ငံတော်အစိုးရက ရေရှည်မျှော်မှန်း ဖော်ဆောင်နေမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

9-10 (06) 1 10/9/07, 1:42 AM

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နှင့် ယင်းမာပင်မြို့တို့၌ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၈

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နှင့် ယင်းမာပင်မြို့တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၆ရက်တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ကန့်ဘလူ

ကန့်ဘလူမြို့၌ ပြည်သူအင်အား ၂၂၅၀၀ ကျော်တို့သည် အောက်တိုဘာ ၆ရက် နံနက် ၆နာရီ ၄၅မိနစ်တွင် စုရပ်ဖြစ်သည့် မဟာရွှေစည်ကြီးစေတီတော် တောင်ဘက်မုခ်ဦးအပြင်ဘက်ကွင်းပြင်မှ စတင်ထွက်ခွာပြီး စည်ပင်သာယာလမ်း၊ ယုဇနလမ်း၊ တပင်ရွှေထီးလမ်း၊ ဗိုလ်ချုပ်လမ်း၊ ၎င်းမှ ဘူတာလမ်းတစ်လျှောက်လှည့်လည်ကာ ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ယင်းမာပင်

အလားတူ ယင်းမာပင်မြို့၌ ပြည်သူအင်အား ၁၂၀၀၀ ကျော်တို့သည် အောက်တိုဘာ ၆ ရက် နံနက်၉နာရီခွဲတွင် ယင်းမာပင်မြို့ ပြည်သူ့အားကစားကွင်းတွင်စုရုံးကြပြီး ၎င်းမှ ဂန္ဓမာလမ်း၊ ပုလဲ-ဂန့်ဂေါလမ်းမှတစ်ဆင့် မြို့ပတ်လမ်းအတိုင်း စုရပ်အားကစားကွင်းသို့လှည့်လည်ကာ ဒို့တာဝန်အရေး(၃)ပါး၊ ဆူပူအကြမ်းဖက်သမားများအလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများကိုကိုင်ဆောင်ကာ ဒို့တာဝန်အရေး(၃)ပါး၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ဆန့်ကျင်ဘက်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်ရမည်၊ လေလှိုင်းကြားက လူသတ်သမားများ သတိထား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့်ပြည်သူများက ဥပဒေနှင့်အညီသက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ယင်းမာပင်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ငါးနှင့်ပင်လယ်အစားအစာ ပိုမိုစားရန် ကိုယ်ဝန်ဆောင်များအား ပညာရှင်အချို့တိုက်တွန်း

ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မိခင်နို့တိုက်ကျွေးရသည့် မိခင်အမျိုးသမီးများအနေဖြင့် ရက်သတ္တပတ်လျှင် ငါးနှင့် အခြားသော ပင်လယ်အစားအစာ ၁၂ အောင်စ အနည်းဆုံးစားသင့်ကြောင်း အမေရိကန်ကျွမ်းကျင်သူပညာရှင်အုပ်စုတစ်စုက ကြာသပတေးနေ့က အကြံပေးတိုက်တွန်းလိုက်သည်။

အမှတ်ထားစရာမလို

ငါးနှင့်ပင်လယ်အစားအစာများက ရင်သွေးငယ်၏ဦးနှောက်ဖွံ့ဖြိုးရေးကို များစွာအားပေးသည့်အတွက် ထိုအစားအစာများတွင် ပြဒါးအဆိပ်ပါဝင်နိုင်သည်ဆိုသော စိုးရိမ်မှုကိုပင် အမှတ်ထားစရာမလိုသည့် သဘောဖြစ်ကြောင်း သိရသည်။

အမျိုးသမီးများအနေဖြင့် ငါးနှင့် အခြားသောပင်လယ်အစားအစာကို ရက်သတ္တပတ်လျှင် ၁၂အောင်စထက် ပိုမစားသင့်ဟူသော အမေရိကန်အစိုးရ၏ စောစောပိုင်းက သတိပေးတားမြစ်ချက်နှင့် ပညာရှင်တို့၏အကြံပြုချက်တို့မှာ ဆန့်ကျင်လျက်ရှိသည်။

စောဒကတက်

အမေရိကန်ကျွမ်းကျင်သူပညာရှင်၁၂ဦးတို့က ငါးနှင့်ပင်လယ်အစားအစာ များများစားလျှင် ပြဒါးဆိပ်သင့်နိုင်သည်ဆိုခြင်းမှာ သဘောတရားအရသာလျှင် စိုးရိမ်မှုအဆင့်၌ရှိသေးကြောင်း စောဒကတက်ကြသည်။

မြစ်ရေကြီးမှု ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၈

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၁၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၆စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၆၀၀အောက်သို့ ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၈စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

မိုးလေဝသအခြေအနေ ၉-၁၀-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးအသင့်အတင့်ရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။



● ရှေ့ဖုံးမှ

တူညီသောဆန္ဒသဘောထား

လက်တစ်ဆုပ်စာ လူနည်းစု ပြည်တွင်း၊ ပြည်ပ အဖျက်သမားများမှလွဲ၍ ကျန်ပြည်သူအားလုံး၏ တူညီသောဆန္ဒသဘောထားမှာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလားဟူ၍ဖြစ်သည်။

ထောက်ခံကြိုဆို

တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ လုပ်ရပ်ကိုရှုတ်ချပြီး အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုသည့် အခမ်းအနားများကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင် မြို့မိမြို့ဖများဦးစီး၍ စက်တင်ဘာ ၂၉ရက်မှ စတင်ကာ ဥပဒေနှင့်အညီ ကျင်းပလျက်ရှိသည်။

လက်တစ်ဆုပ်စာ လူနည်းစု ပြည်တွင်း၊ ပြည်ပ အဖျက်သမားများမှလွဲ၍ ကျန်ပြည်သူအားလုံး၏ တူညီသော ဆန္ဒသဘောထားမှာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားတွင် တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

စည်ကားသိုက်မြိုက်စွာကျင်းပ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း၌ စက်တင်ဘာ ၂၉ရက်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကန္တရဝတီအားကစားရင်ပြင်၌ စက်တင်ဘာ ၃၀ရက်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အောက်တိုဘာ ၁ရက်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ အောက်တိုဘာ ၂ရက်တွင်လည်းကောင်း၊ တနင်္သာရီတိုင်း မြိတ်မြို့ မြို့မအားကစားကွင်း၌ အောက်တိုဘာ ၃ရက်တွင်လည်းကောင်း၊ ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အောက်တိုဘာ ၄ရက်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းကြီး၌ အောက်တိုဘာ ၅ရက်တွင်လည်းကောင်း၊ မကွေးတိုင်း မကွေးမြို့ လေဆိပ်၌ အောက်တိုဘာ ၇ရက်တွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ အသီးသီးကျင်းပခဲ့ကြသည်။

တက်ရောက်

အခမ်းအနားများသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စီးပွားရေးနှင့် စက်မှုလက်မှုဆိုင်ရာ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ငြိမ်းချမ်းရေးအဖွဲ့

စနစ်တကျ စုပေါင်းချီတက်

ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အသင်းအဖွဲ့ဝင်များ၊ စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ စုပေါင်းချီတက်ကြစဉ်။ (သတင်းစဉ်)

အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူထုလူတန်းစားအသီးသီးတို့မှ ပြည်သူများ အင်တိုက်အားတိုက် တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားများတွင် သဘာပတိ၊ အဆိုရှင်နှင့် ထောက်ခံဆွေးနွေးသူများက ထောက်ခံဆွေးနွေးကြရာ၌ အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်တို့က အတိတ်သမိုင်းသင်ခန်းစာများနှင့် ပစ္စုပ္ပန်အခြေအနေအရပ်ရပ်ကို ထောက်ရှုပြီး အနာဂတ်အရေးအတွက် တွေးတောမြော်မြင်လျက် အပြန်ပြန်အလှန်လှန် ဆွေးနွေးညှိနှိုင်းကြပြီးမှ အခြေခံမူများကို ချမှတ်ကြခြင်းဖြစ်သည့်အတွက် ကျယ်ပြန့်ပြီး နိုင်ငံရေးအနှစ်သာရနှင့် ပြည့်စုံနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် ပါဝင်ကြသည့် လူထုလူတန်းစားအသီးသီးက တိုင်းရင်းသားပေါင်းစုံနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သည့် အဖွဲ့များအပါအဝင် အဖွဲ့အစည်းအသီးသီးက ကိုယ်စားလှယ်များသည် ပြည်ထောင်စုကြီးအကျိုးကို ဦးထိပ်ထားပြီး ညှိနှိုင်းဆွေးနွေးအကြံပေးခဲ့ကြသည့်အတွက် အပြုသဘောဆောင်သည့် ရလဒ်ကောင်းများကို ရရှိခဲ့ကာ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ကြောင်း။

အသက်တမျှအရေးကြီး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး ထာဝရတည်ငြိမ်အေးချမ်းစွာဖြင့် တရားဥပဒေစိုးမိုးရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်တမျှ အရေးကြီးလှကြောင်း။

နိုင်ငံတော်အစိုးရ၏ဖွဲ့စည်းပုံများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ တာဝန်နှင့် အခွင့်အာဏာများ၊ နိုင်ငံသူ နိုင်ငံသားများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးကြောင်း။ ***စာမျက်နှာ ၁၀ ကော်လံ ၃ သို့***

တနင်္သာရီတိုင်း မြိတ်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားသို့ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျချီတက်ကြစဉ်။ (သတင်းစဉ်)

ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်တို့က အတိတ်သမိုင်းသင်ခန်းစာများနှင့် ပစ္စုပ္ပန်အခြေအနေအရပ်ရပ်ကို ထောက်ရှုပြီး အနာဂတ်အရေးအတွက် တွေးတောမြော်မြင်လျက် အပြန်ပြန်အလှန်လှန် ဆွေးနွေးညှိနှိုင်းကြပြီးမှ အခြေခံမူများကို ချမှတ်ကြခြင်းဖြစ်သည့်အတွက် ကျယ်ပြန့်ပြီး နိုင်ငံရေးအနှစ်သာရနှင့် ပြည့်စုံနေသည်ကို တွေ့ရမည်။

ထောက်ခံကြိုဆိုပွဲ အခမ်းအနား

ရောဝတီတိုင်း ပုသိမ်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားတွင် တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအားထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အသင်းအဖွဲ့ဝင်များ၊စီးပွားရေးနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ၊ တောင်သူ လယ်သမားများ၊ အလုပ်သမားများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ စုပေါင်းချီတက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဖြစ်ပေါ်လာတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် အေးအတူပူအမျှ အတူတကွ အေးအေးချမ်းချမ်းနေထိုင်နိုင်စေမည့် ဥပဒေမျိုး၊ မိမိတို့၏ မြတ်နိုးဖွယ်ကောင်းလှသော လူ့ဘောင်လောကကို အကောင်းဆုံး ပဲ့ကိုင်ထိန်းကျောင်းနိုင်မည့် လူနေမှုဘဝ မြှင့်တင်ပေးနိုင်မည့် ဥပဒေမျိုး၊ သမိုင်းတွင်မော်ကွန်းတင် ကဏ္ဍသစ်ဖွင့်လှစ်ပြီး လူနေမှုစနစ်၊ လူမှုအကျိုးတရား ဖော်ဆောင်ပေးနိုင်မည့် ဥပဒေမျိုးဖြစ်ခြင်းကြောင့် ကမ္ဘာတည်သရွေ့ မြန်မာတည်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဖြစ်ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

ဆက်လက်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း ထောက်ခံဆွေးနွေးတင်ပြကြသည်။

ထို့အပြင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများသည် BBC, VOA, RFA, DVB အသံလွှင့်ဌာနများနှင့်ချိတ်ဆက်ပြီး မဟုတ်မမှန် ဖန်တီးလှုံ့ဆော်သွေးထိုးလျက်ရှိကြောင်း၊ ပြည်ပအသံလွှင့်ဌာနများသည် နိုင်ငံတော်အစိုးရအားဆန့်ကျင်သူများကို တကူးတက ရှာဖွေ၊ ရွေးချယ်၊ ဇာတ်တိုက်၊ ဖန်တီးထုတ်လွှင့်ပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား သွေးခွဲရေး ဖန်တီးလှုံ့ဆော်မှုလုပ်ရပ်များဖြင့် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ဆောင်နေကြောင်း၊ ဆန့်ကျင်သူလူနည်းစု၏ သဘောထားဆန္ဒကိုသာ ထုတ်လွှင့်နေပြီး ပြည်နယ်နှင့်တိုင်းအသီးသီးက တိုင်းရင်းသားပြည်သူအများစု၏ အစစ်အမှန်ဆန္ဒများကို မသိကျိုးကျွန်ပြုကာ မကောင်းသည့်အမြင် ရှုထောင့်ဖြင့်သာ ဝေဖန်ပြောဆိုနေခြင်းများကို ကြည့်လျှင် BBC, VOA, RFA, DVB အသံလွှင့်ဌာနများ၏ ကောက်ကျစ်ဆိုးညစ်သော အကျင့်စရိုက်ကို အထင်းသားမြင်ကြရမည်ဖြစ်ကြောင်း။

ရှုတ်ချကန့်ကွက်

ထို့ကြောင့် မိုးလုံးပြည့်မုသာဝါဒများကို ထုတ်လွှင့်နေကြသော BBC, VOA, RFA, DVB အသံလွှင့်ဌာနများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသော နိုင်ငံကြီးများ၏လုပ်ရပ်ကို လုံးဝရှုတ်ချကန့်ကွက်ကြောင်း တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။

အလားတူ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချပွဲများကို ကျန်ပြည်နယ်နှင့်တိုင်း အသီးသီးတွင် မြို့မိမြို့ဖများက ဦးဆောင်၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

မိုးလုံးပြည့်မုသာဝါဒများကို ထုတ်လွှင့်နေကြသော BBC, VOA, RFA, DVB အသံလွှင့်ဌာနများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသော နိုင်ငံကြီးများ၏ လုပ်ရပ်ကို လုံးဝ ရှုတ်ချကန့်ကွက်ကြောင်း တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်ခဲ့ကြ။

မကွေးတိုင်း မကွေးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားသို့ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အသင်းအဖွဲ့ဝင်များ၊ စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ စုပေါင်းချီတက်ကြစဉ်။ (သတင်းစဉ်)

အမေရိကန်တို့ကြောင့် အီရတ်ပြည်သူတို့ နေ့စဉ်သေဆုံးနေရသည်မှာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အောက်တိုဘာ ၆ ရက်က ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန်စစ်ယာဉ်များ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးများပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် အောက်တိုဘာ ၆ ရက်က လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၆ ရက်၌ သတင်းထုတ်ပြန်သည်။

ပေါက်ကွဲထိမှန်

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့တွင် စစ်ဆင်ရေးများ ဆောင်ရွက်နေစဉ်အတွင်း ယခုကဲ့သို့ လမ်းဘေးဗုံးများ ပေါက်ကွဲထိမှန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သေဆုံးဒဏ်ရာရ

အီရတ်နိုင်ငံတစ်ဝန်းတွင် ဗုံးပေါက်ကွဲမှုများနှင့် ခုခံတိုက်ခိုက်မှုများ နေ့စဉ်ဖြစ်ပွားနေသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ အပါအဝင် အီရတ်ပြည်သူများလည်း သေဆုံးဒဏ်ရာရလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်ကုမ္ပဏီလုံခြုံရေးအစောင့်များ အီရတ်၁၇ဦးကို အကြောင်းမဲ့သတ်ဖြတ်ခဲ့

ဘဂ္ဂဒက် အောက်တိုဘာ ၈

ဘဂ္ဂဒက်မြို့တော်၌ ပြီးခဲ့သည့်လကဖြစ်ပွားသည့် ပစ်ခတ်မှုတွင် အမေရိကန် ကုမ္ပဏီ ဘလက်ဝါးတားမှ လုံခြုံရေးအစောင့်များက အီရတ် ၁၇ ဦးကို အကြောင်းမဲ့ သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အီရတ်နိုင်ငံက တနင်္ဂနွေနေ့တွင် ကြေညာသည်။ အခင်းဖြစ်ပွားစဉ် ကာလက အမေရိကန်လုံခြုံရေးကုမ္ပဏီအနေဖြင့် သေနတ်ဖြင့် ပစ်ခတ်ခံရသည့် အထောက်အထားမတွေ့ရကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့က လေ့လာသိရသည်ဟု အီရတ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အလီအယ်ဒက်ဘက်က ပြောဆိုသည်။

အဆိုပါစုံစမ်းစစ်ဆေးရေးအဖွဲ့ကို အီရတ်ဝန်ကြီးချုပ် အယ်မာလီကီ ကိုယ်တိုင် ဖွဲ့စည်းပေးသည်ဆို၏။

အရေးယူ

ကုမ္ပဏီလုံခြုံရေးအစောင့်များ ကျူးလွန်မှုမှာ အကြောင်းမဲ့သတ်ဖြတ်သည့် ရာဇဝတ်မှုတစ်ခုအဖြစ်ယူဆရပြီး ၎င်းတို့အား တရားဥပဒေအရ အရေးယူရမည်ဖြစ်ပြီး ကုမ္ပဏီကိုယ်တိုင်အနေဖြင့်လည်း ဥပဒေနှင့်ရင်ဆိုင်ရဖွယ်ရှိကြောင်း ပြောရေးဆိုခွင့်ဆိုသူအလီအယ်ဒက်ဘက်က ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဘဂ္ဂဒက်၌ မသက်ာသူများအား အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်း

ဘဂ္ဂဒက် အောက်တိုဘာ ၈

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်တွင် ဆွန်နီလူမျိုးတို့ကိုသတ်ဖြတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သည့် မသင်္ကာသူ ရှီးယိုက် ပြည်သူ့စစ်အကြီးအကဲတစ်ဦးအား အမေရိကန်နှင့် အီရတ်အထူးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၆ ရက်၌ သတင်းထုတ်ပြန်သည်။

ဖမ်းဆီးထိန်းသိမ်း

ယင်းတပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀ အကွာ ခါလစ်မြို့တွင် အောက်တိုဘာ ၅ ရက်၌ အဆိုပါ မသင်္ကာသူကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

မီးရှို့ဖျက်ဆီး

ယင်းအစွန်းရောက်ဝါဒီနှင့် အဖွဲ့သည် မကြာသေးမီကာလက ဆွန်နီလူမျိုးတို့နေထိုင်ရာ နေရာဒေသတစ်ခုကို အကြမ်းဖက်တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါအဖွဲ့သည် ဆွန်နီလူမျိုးများအားလုံးနေထိုင်ရာ ၎င်းတို့၏ နေအိမ်များနှင့် လယ်ယာများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* **ဗြိတိန်နိုင်ငံ ပင်ဘရုတ်ရှိုင်းယားအရပ်တွင် သဘာဝဓာတ်ငွေ့တူးဖော်စင်တစ်စင် အောက်တိုဘာ ၈ ရက်က မတော်တဆဖြစ်ရပ်ကြောင့် ပြိုကျခဲ့ရာ အလုပ်သမားတစ်ဦးသေဆုံးခဲ့ကြောင်း၊ ကျန်အလုပ်သမားများအား အချိန်မီ ကယ်တင်နိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**(အပေါ်ပုံ)
* အီတလီနိုင်ငံတောင်ပိုင်း ရိုကာမွန်ဖီးနားမီးတောင်အနီးတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၈၅၀၀၀ ခန့်က ရှေးခေတ်လူသားတို့၏ခြေရာများကို အီတလီ သုတေသနပညာရှင်များက အောက်တိုဘာ ၈ ရက်က တွေ့ရှိခဲ့ကြရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။
* **အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ငါးထပ်အဆောက်အအုံတစ်ခု၌ အောက်တိုဘာ ၇ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**
* ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့အနီးတွင် အောက်တိုဘာ ၇ ရက်က လေယာဉ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်အမှုထမ်း သုံးဦးစလုံး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။
* **အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မြောက်ဘက် ကီလိုမီတာ ၉၀ ခန့်အကွာရှိ အထည်အလိပ်စက်ရုံတစ်ခု အောက်တိုဘာ ၇ ရက်က လျှပ်စစ်ဝိုင်ယာကြိုးများမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူကိုးဦးသေဆုံးပြီး အဆိုပါ စက်ရုံလည်း ပျက်စီးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**
* တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းဒေသတွင် အောက်တိုဘာ ၈ ရက်က အလွန်အေးမြသောလေပြင်းများတိုက်ခတ်နေမှုကြောင့် အပူချိန် ၆ ဒီဂရီဆဲလ်ဆီးရပ်စ်အထိကျဆင်းခဲ့ရာ ဒေသခံပြည်သူများအား ကျန်းမာရေးသတိပေးချက်များ ထုတ်ပြန်ပေးထားရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။
* **ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တွင် အောက်တိုဘာ ၈ ရက်နံနက်က ခရီးသည်တင် ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ တစ်ဦးသေဆုံးပြီး ခရီးသည်အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**
* တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ကျီကျင်းနှင့် ဖူကျင်ပြည်နယ်များသို့ အောက်တိုဘာ ၇ ရက်က အင်အားပြင်းထန်သော မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ ငါးဦးသေဆုံးပြီး နေအိမ်များ ပျက်စီးကာ ပင်လယ်ပြင်၌ အလွန်ကြီးမားသော လှိုင်းလုံးများ ဖြစ်ပေါ်ခဲ့သဖြင့် ငါးဖမ်းစက်လှေများ အမြန် ကမ်းကပ် ရှောင်တိမ်းကြရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

ဘဂ္ဂဒက်အနီးအပြား ဗုံးပေါက်ကွဲမှုဖြစ်ပွား ခုနစ်ဦးသေဆုံး၊ အများအပြားဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အောက်တိုဘာ ၇ ရက် နံနက်ပိုင်း ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ အရပ်သားခုနစ်ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုရာအရပ်တွင် အမေရိကန်ကင်းလှည့်မော်တော်ယာဉ် ဖြတ်သန်းသွားပြီးနောက် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားသုံးဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။

တိုက်ခိုက်

နောက်ဗုံးတစ်လုံးမှာ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း ဘာလာဒီဇက်အရပ်တွင် အီရတ်ရဲတပ်ဖွဲ့ဝင်တို့၏ ကင်းလှည့်မော်တော်ယာဉ်ဖြတ်သန်းသွားစဉ် ကားဗုံး ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ ထိုဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် အရပ်သား သုံးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားသည်။

နောက်ထပ်ဗုံးတစ်လုံးမှာ ဘဂ္ဂဒက်မြို့လယ်ရှိ အီရန်သံရုံးအနီး မင်ဆိုရာ ဟိုတယ်ရှိ ကားရပ်စခန်းအတွင်း ဗုံးပေါက်ကွဲခြင်းဖြစ်ပြီး အရပ်သားတစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

အင်အားပြင်းထန်

အဆိုပါဗုံးမှာ အင်အားပြင်းထန်သော ဗုံးဖြစ်သဖြင့် အနီးဝန်းကျင်ရှိ အဆောက်အအုံများ လှုပ်ခါသွားကြောင်း၊ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၇)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၇)တွင် ပျော်လည်းပျော် တော်လည်းတော်သည့် ကျောင်းစာသင်ခန်းဆီသို့ မျက်နှာဖုံးဆောင်းပါးနှင့်အတူ ပိတ်ဆို့မှု(၄)ချက် စွန့်လွှတ်ကြောင်း ကြေညာလျှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နှင့် တိုက်ရိုက်တွေ့ဆုံ စကားပြောမည်၊ ဂျာမနီက မြန်မာနိုင်ငံတွင် ဆေးဝါးစက်ရုံတည်ဆောက်မည်၊ အိမ်ခြံမြေများဈေးကွက် ညှိနှိုင်းဈေးဖြင့် အရောင်းသွက်လာ၊ အားကစားအာမခံထားနိုင်ပြီ၊ တစ်ရက်လျှင် ကြံတန် ၁၅၀၀ ကြိတ်ခွဲနိုင်သော သကြားစက် နောင်ချိုတွင်တည်၊ တရုတ်အပြင် အခြားပြည်ပနိုင်ငံများသို့ ငါးရှဥ့်ဈေးကွက် တိုးချဲ့ရန် လိုအပ်၊ တယ်လီဖုန်း Voice Mail စနစ် အသုံးပြုနိုင်တော့မည်၊ အသံအိုးခွဲစိတ်ထားပြီး စကားမပြောနိုင်ကြသူများ စကားပြန်လည်ပြောဆိုနိုင်ရန် ဘယ်လိုလုပ်ဆောင်ရမလဲ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "သနပ်ခါး" အကြောင်းစသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ။ **(ယာပုံ)**

မြို့လယ်ဝင် ယာဉ်ခွန်စနစ် ကွာလာလမ်ပူမြို့တော် စတင်တော့မည်၊ ဗြိတိန်တော်ဝင်မင်းသမီး ဒိုင်ယာနာ၏ သေမှုသေခင်းစုံစမ်းဖော်ထုတ်မှု စတင်ပြီ၊ ၂၀၀၈ အိုလံပစ်အတွင်း ကိုရီးယားနှစ်နိုင်ငံမီးရထားပြေးဆွဲရန် သဘောတူ၊ ကိုယ်ခန္ဓာကြံ့ခိုင်ရေးအတွက် ဘောလုံးကစားခြင်းက ရွရွပြေးခြင်းထက် ဘာကြောင့်သာ၊ ရဲလ်နှင့် ဆော်ဒီရေနံချက်စက်ရုံစီမံချက် တိုးချဲ့လုပ်ကိုင်မည်၊ စွမ်းအင်ချွေတာ ကုန်ကျစရိတ်လည်းနည်း ကြာရှည်ခံ မီးချောင်းလိုလင်းသည့်မီးလုံးပေါ်ပြီ၊ ဂျွန်ဒူယောင်း၏ ဇာတ်ကားသစ် မကြာမီထွက်မည်စသည့် စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးသတင်းများနှင့် သုံးသပ်ချက်ဆောင်းပါးများ ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ကမြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း လှော်ကားအစာစပ်စက်ရုံစစ်ဆေး စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ဆွေးနွေးမှာကြား

ရန်ကုန် အောက်တိုဘာ ၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်ရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးအစာထုတ်လုပ်ရေးဌာန လှော်ကားအစာစပ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်ခန်းမ၌ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသန်းရွှေက အသားကဏ္ဍထုတ်လုပ်မှုအတွက် မွေးမြူရေးအစာလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုအခြေအနေကိုလည်းကောင်း၊ အထွေထွေမန်နေဂျာ ဦးပြည့်စုံက လျာထားချက်အလိုက် စက်ရုံထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ မွေးမြူရေးအစာထုတ်လုပ်ရေးဌာန ဌာနမှူး ဒုတိယ အထွေထွေမန်နေဂျာ ဦးမြလွင်က အစာကုန်ကြမ်းရရှိမှုနှင့် အစာကုန်ချောထုတ်လုပ်မှု၊ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်နိုင်မှုအခြေအနေများကို လည်းကောင်း၊ အစာစပ် စက်ရုံမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာအလိုက် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း အသီးသီးတင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ မွေးမြူသူများ၏ လိုအပ်ချက်အလိုက် အရည်အသွေးမြင့်တင်ဆောင်ရွက်ရေး၊ လုံခြုံရေးစီမံချက်များ ထားရှိဆောင်ရွက်ရေး အခြေအနေများကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံ၏ ငါးအစာတောင့် ထုတ်လုပ်မှုနှင့် ထုပ်ပိုးမှုအဆင့်ဆင့်နှင့် အစာကုန်ကြမ်းနှင့် ကုန်ချောများ စနစ်တကျထားရှိ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဖြန့်ဖြူးပေး

အဆိုပါ လှော်ကားအစာစပ်စက်ရုံသည် တစ်ရက်လျှင် အစာကုန်ချောအစာတောင့် တန် ၁၀၀ထုတ်လုပ်နိုင်ပြီး ငါးမွေးမြူရေးအစာတောင့်များ အဓိကထုတ်လုပ်ကာ ကုမ္ပဏီ၊ ပုဂ္ဂလိက ငါးမွေးမြူရေးလုပ်ငန်းရှင်များ၏ အရည်အသွေးလိုအပ်ချက်အတိုင်း ပြည့်မီစွာထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ အောက်တိုဘာ ၈ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

(ခခ)အုပ်စု ပဒုမ္မာအားကစားကွင်း(စမ်းချောင်း)၌ကျင်းပသော ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ) ဘောလုံးအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (ခခ)အုပ်စု စလင်းအားကစားကွင်း(ကြည့်မြင်တိုင်)၌ ကျင်းပသောပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့သည် တစ်ဂိုးစီ သရေဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၈ - ၁၀ - ၂၀၀၇ | ကိုထွေး - စုစည်းတင်ဆက်သည်

မြန်မာဝူရှူးအားကစားအဖွဲ့ ပူးတွဲလေ့ကျင့်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များရရှိရေးအတွက် ရည်ရွယ်၍ တရုတ်နိုင်ငံ ဝူဟန့်မြို့၌ တစ်လကြာ ပူးတွဲလေ့ကျင့်မှုများပြုလုပ်မည့် မြန်မာဝူရှူးအားကစားအဖွဲ့သည် အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်နိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာ ဝူရှူးအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးခွန်ဂျာအောင် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်)၊ ထောက်လုနည်းပြအဖြစ် Su Tong Yu (တရုတ်)နှင့် ဆန်းဆိုနည်းပြအဖြစ် Dai Xiao Ping (တရုတ်)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

ထောက်လု

အမျိုးသား ထောက်လု အားကစားသမားများအဖြစ် မျိုးမင်းစိုး (သစ်တောရေးရာ)၊ စိုးဝင်းသိန်း(သစ်တောရေးရာ)၊ စိုးကျော်(ကာကွယ်ရေး)နှင့် အောင်စည်သူ၊ အမျိုးသမီး ထောက်လု အားကစားသမားများအဖြစ် ဟန်နီကိုကို(သစ်တောရေးရာ)၊ သက်သက်နိုင် (အထက-၂၊ ကမာရွတ်)နှင့် စန္ဒီဦး (အထက-၅၊ ကမာရွတ်)တို့ ပါဝင်ကြသည်။

ဆန်းဆို

အမျိုးသား ဆန်းဆို အားကစားသမားများအဖြစ် စောကျော်စိုးမိုး (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ မောင်မောင်သန်း(ကာကွယ်ရေး)၊ မျိုးကို(ကာကွယ်ရေး)နှင့် ကျော်နိုင်ဦး(အား/ကာသိပ္ပံ၊ မန္တလေး)၊ အမျိုးသမီး ဆန်းဆို အားကစားသမားများအဖြစ် စီစီစိန်(ပြည်ထဲရေး)၊ ရာဇာခိုင် (ပြည်ထဲရေး)နှင့် နော်မာထွန်း (ရှမ်းပြည်နယ်မြောက်ပိုင်း)တို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်မည်

မြန်မာ ဝူရှူးအားကစားအဖွဲ့သည် ဝူဟန့်မြို့၌ တစ်လကြာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် (၉)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးပြိုင်ပွဲ (၂၀၀၈ ဘေဂျင်းအိုလံပစ်အတွက် လက်ရည်စစ်ပွဲ)တွင် ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာဝူရှူးအားကစားအဖွဲ့သို့ အလှူငွေနှင့်အစားအစာလှူဒါန်း

ထိုင်းနိုင်ငံ၌ လာမည့် ဒီဇင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အလှူငွေနှင့် အစားအစာများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အဆိုပါအလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တာဝန်ခံ နာယကများဖြစ်ကြသော ဒေါ်စန်းစန်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ကျင်ခိုင်၊ ဒေါက်တာဒေါ်ရီရီထွေးနှင့် ဒေါ်တင်လတ်မင်းတို့က အလှူငွေကျပ် ငါးသိန်းနှင့် အစားအစာများကို ပေးအပ်လှူဒါန်းရာ မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားတစ်ဦးက လက်ခံရယူသည်။

ချန်ပီယံမြန်မာအမျိုးသမီးဘောလုံးအသင်းပြန်လည်လေ့ကျင့်

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ထိုင်းအသင်းကို အနိုင်ရဗိုလ်စွဲခဲ့သော ချန်ပီယံမြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ လေ့ကျင့်မှုများရပ်နားထားခဲ့ရာမှ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းမှစတင်၍ လေ့ကျင့်မှုများကို ပြန်လည်ပြုလုပ်လျက်ရှိသည်။

အာဆီယံချန်ပီယံ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေး အတွက် အဓိကပစ်မှတ်ထား၍ လေ့ကျင့်လျက်ရှိသည်။

ယှဉ်ပြိုင်မည်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်မယှဉ်ပြိုင်မီ ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့၌ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အထိကျင်းပမည့် ဗီယက်နမ် ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဗီယက်နမ် ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်နှင့်အတူ မြန်မာ၊ ထိုင်း၊ တရုတ်(တိုင်ပေ)နှင့် တောင်ကိုရီးယားတို့မှ လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ခြေစမ်းခွင့်ရရှိ

မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းတို့သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်လျက်ရှိကြရာ အဆိုပါပြိုင်ပွဲ၌ အကြိုခြေစမ်းခွင့်ရရှိမည်ဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသားဖူဆယ်အသင်းလေ့ကျင့်ပြင်ဆင်

ထိုင်းနိုင်ငံ၌ လာမည့်ဒီဇင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို အားကစားသမား ၂၃ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းပြီး လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအမျိုးသား ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် တာဝန်ယူလေ့ကျင့်ပေးနေသည့် ဂျပန်နိုင်ငံမှ ဝါရင့်ဖူဆယ်နည်းပြ ရိုရှင်နိုဗူမာကာဝါသည် စက်တင်ဘာ ၂၈ ရက်က ဂျပန်နိုင်ငံသို့ပြန်သွားပြီဖြစ်ရာ လက်ထောက်နည်းပြများဖြစ်ကြသည့် ဦးဌေးမြင့်(ပို့ဆောင်ရေး)နှင့် ဦးသက်နိုင် (Eleven) တို့ကသာ ဆက်လက်၍ တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းတွင် ဂိုးသမားများအဖြစ် ကိုကိုအောင်၊ အောင်ဝင်းနိုင်၊ ဖြိုးမင်းမောင်နှင့် ဟန်မင်းထွန်း၊ ကစားသမားများအဖြစ် ကျော်ဒွန်း၊ ကျော်ဇင်ညွှန့်၊ စိုးမင်းဦး၊ ထွန်းလင်းအောင်၊ တင့်နိုင်ထွန်းသိန်း၊ ထိန်လင်း၊ အောင်ကျော်ဦး၊ ကျော်ဇေယျာဝင်း၊ မင်းသူ၊ ဆန်းလင်း၊ သန်းဝဏ္ဏအောင်၊ မောင်မောင်မြင့်၊ ထက်အောင်၊ မျိုးသူအောင်၊ မျိုးမင်းအောင်၊ ညွှန့်ဝင်း၊ မျိုးမင်းဆွေ၊ ခိုင်ထူးနှင့် ဇင်မျိုးဝင်းတို့ ပါဝင်ကြသည်။

ရွှေဘို စိုက်ပျိုးရေးသိပ္ပံရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၈

ရွှေရတုစိုက်ပျိုးရေးသိပ္ပံ၏ ရွှေရတုအခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၃ ရက် (တနင်္လာနေ့)တွင် စိုက်ပျိုးရေး အလယ်တန်း၊ အထက်တန်း၊ စိုက်/သိပ္ပံကျောင်းသားကျောင်းသူများ စုပေါင်း၍ ကျင်းပပြုလုပ်ရန် စီစဉ်ထားသည်။

လှူဒါန်းနိုင်

ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်ကိုလည်း ယင်းနေ့တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ရပ်နီးရပ်ဝေးကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ ဒေါက်တာမြင့်သောင်း ဖုန်း-၀၆၇-၄၁၆၅၁၆၊ ကျောင်းအုပ်ကြီး (စိုက်သိပ္ပံ)ရွှေဘို ဖုန်း-၀၇၅-၂၁၇၄၁၊ ဦးခင်မောင်စန်း ဖုန်း-၀၂-၆၁၁၇၀၊ ဦးစိန်လင်း ဖုန်း-၀၅၇-၄၀၁၂၃၊ ၄၀၂၅၇၊ ဦးဝင်းညွှန့် ဖုန်း-၀၉-၂၁၀၀၁၉၉၊ ဦးဆန်းဦး ဖုန်း-၀၇၅-၂၁၈၆၂၊ ဦးမြင့်ဦး ဖုန်း-၀၇၅-၂၁၀၄၆၊ ဦးညိုသန်း ဖုန်း-၀၇၅-၂၁၇၂၂(လိုင်းခွဲ-၃၃၆)၊ ဦးခင်ညို ဖုန်း-၀၇၅-၂၁၂၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံသားစိစစ်ရေးကတ်ပြား ကြို့ပင်ကောက်၌ထုတ်ပေး

ရန်ကုန် အောက်တိုဘာ ၈

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၈ ရက်က ကြို့ပင်ကောက်မြို့နယ် ကျွန်းကုန်းအုပ်စု သိုးဘိုကျေးရွာ၌ ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဌာနမှူး ဦးတင်အောင် တက်ရောက်ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသွင်က နိုင်ငံသားအရည်အချင်းပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။ ကြို့ပင်ကောက်မြို့နယ်အတွင်း ဩဂုတ် ၁ ရက်မှ ယနေ့အထိ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၄၂၁ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ပွဲစဉ်(၉)အပြီး နည်းပြတို့ရဲ့ စကား

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၈

ပရီမီယာလိဂ်ဘောလုံးပွဲစဉ် (၉)ကို အောက်တိုဘာ ၇ရက်က ကစားပြီးတဲ့အခါမှာ အာဆင်နယ်အသင်းဟာ ဆန်းဒါးလန်းကို နိုင်ပွဲရပြီး တန်းစီ ဇယားကို ထိပ်ဆုံးကနေပြီး တစ်ပွဲလျော့အနေအထားနဲ့ ဒုတိယနေရာက မန်ယူထက် နှစ်မှတ်အသာရကာ ဦးဆောင်နေပါတယ်။

ကြိုးစားကစားခဲ့ရ

အာဆင်နယ်ဟာ ဆန်းဒါးလန်းကို ခြေအသာနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပေမယ့် ဆန်းဒါးလန်းက မမျှော်လင့်ဘဲ ချေပဂိုးတွေ ဆက်တိုက်ပြန်သွင်းခဲ့လို့ နိုင်ပွဲရအောင် ကြိုးစားကစားခဲ့ရတာနဲ့ပတ်သက်ပြီး အာစင်ဝင်းဂါးက အခုလို ပြောကြားခဲ့ပါတယ်။

" ၁၅မိနစ်အတွင်းမှာ နှစ်ဂိုးသွင်းထားပြီးကတည်းက ဒီပွဲကို သေချာပေါက်အနိုင်ရမယ်လို့ တွက်ထားပြီးသားပါ။ ကစားရတာလဲ ကျွန်တော့်လူတွေအတွက် အခက်အခဲ သိပ်မရှိဘူး။ ဒါပေမယ့် သူတို့က ချေပဂိုးတွေ ဆက်တိုက်သွင်းယူခဲ့ပြီးတဲ့ နောက်မှာ ကျွန်တော်တို့ အနိုင်ဂိုး သွင်းနိုင်ဖို့အတွက် အတော်လေးကြိုးစားခဲ့ရတာပေါ့။ ဆန်းဒါးလန်းက ကျွန်တော် ထင်တာထက် ခြေပိုကောင်းနေပါတယ်။ အမှန်အတိုင်း ဝန်ခံရရင်တော့ နှစ်ဂိုးသွင်းပြီးတဲ့အချိန်မှာ ကျွန်တော့်လူတွေ နည်းနည်းပေါ့ဆသွားတယ်။ ဒီအချိန်မှာ သူတို့က ကောင်းကောင်းအသုံးချ သွားနိုင်တာပါပဲ။ ပွဲအပြီးမှာ သင်ခန်းစာလဲ ရပါတယ်။ ဘယ်အသင်းမဆို အချိန်မရွေး ဂိုးသွင်းနိုင်စွမ်းရှိတယ်ဆိုတာ လက်ခံရမှာပါ။ ဒီပွဲကျွန်တော်တို့ အနိုင်ရဖို့ အတော်လေးအားထုတ်ခဲ့ရပါတယ်"လို့ ပြောကြားသွားခဲ့ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် အာစင်ဝင်းဂါးရဲ့ အာဆင်နယ်အသင်းဟာ ဒီနှစ်ပရီမီယာလိဂ်မှာတော့ ရှုံးပွဲမရှိသေးတဲ့အသင်းအဖြစ် မှတ်တမ်းတင်ထားနိုင်ဆဲ ဖြစ်ပါတယ်။

ဒီပွဲနိုင်ဖို့ အတော်လေး ကြိုးစားခဲ့ရတယ်။
အာဆင်နယ်နည်းပြအာစင်ဝင်းဂါး
(ဓာတ်ပုံ-အင်တာနက်)

ပုံမှန်ခြေပြန်ရလာ

ဒီလိုပါပဲ အာဆင်နယ်ကို ရှုံးခဲ့တဲ့ ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်းကတော့ "ပွဲအစမှာ အထနှေးခဲ့လို့ စောစောစီးစီး ဂိုးတွေပေးခဲ့ရတာကတော့ နစ်နာမှုတစ်ရပ်ပါပဲ။ ဒါပေမယ့် ချေပဂိုး တစ်ဂိုးပြန်သွင်းယူပြီး နောက်ပိုင်းမှာ ကျွန်တော့်အသင်းပုံမှန်ခြေပြန်ရလာလို့ ချေပဂိုး ဆက်တိုက်သွင်းယူနိုင်ခဲ့တာပါ။ သရေဆိုတဲ့ရလဒ်ကို မထိန်းနိုင်ခဲ့တာကတော့ အားနည်းချက်တစ်ရပ်ပါပဲ"လို့ ပြောကြားသွားခဲ့ပါတယ်။

ဖိအားပေး

ပရီမီယာလိဂ်ပွဲစဉ်(၉)မှာ နိုင်ပွဲ ဈေးဦးပေါက်သွားတဲ့ ချယ်လ်ဆီး နည်းပြ ဂရန့်ဟာ ချယ်လ်ဆီးကို သူနည်းပြအဖြစ် စတင်ကိုင်တွယ်ခဲ့ကတည်းက ပရီမီယာလိဂ်မှာ သရေပွဲ၊ ရှုံးပွဲတွေနဲ့ချည်း တိုးနေလို့ အခုလို ဘော်လ်တန်ကို အနိုင်ရရှိခဲ့ခြင်းဟာ မင်္ဂလာတစ်ပါး ဖြစ်ခဲ့ရပါတယ်။ ဒီပွဲစဉ်နဲ့ပတ်သက်ပြီး နည်းပြ ဂရန့်က **"အခွင့်အရေးတွေ အများကြီးရခဲ့ပေမယ့် ကျွန်တော့် တိုက်စစ်မှူးတွေ ဂိုးမသွင်းနိုင်ခဲ့ဘူး။ ဘော်လ်တန်အသင်းနဲ့ ကစားရတာ ခက်ခဲပါတယ်။ သူတို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့အသင်းပါပဲ။ ဒါပေမယ့် ဂိုးရအောင် သွင်းယူနိုင်ခဲ့လို့ နိုင်ပွဲ စတင်ရရှိခဲ့ပါပြီ။ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်မှာ နောက်ပွဲစဉ်ကို ရလဒ်ကောင်းကောင်းနဲ့ ဖြတ်သန်းတော့မှာပါ"**လို့ ပြောကြားခဲ့ပါတယ်။ ချယ်လ်ဆီး နည်းပြသစ် ဂရန့်ဟာ ပွဲရလဒ်တွေ မကောင်းလို့ ဝိုင်းပြီး ဖိအားပေးခံနေရတဲ့ သူဆိုတော့ အခုနိုင်ပွဲရလာတဲ့အတွက် သူ့အပေါ် ဖိအားတွေ လျော့သွားမှာ သေချာပါတယ်။

ဂိုးသွင်းခြေစွမ်းကျ

ချယ်လ်ဆီးကို အိမ်ကွင်းမှာ တစ်ဂိုးတည်းနဲ့ ကပ်ပြီးရှုံးခဲ့တဲ့ ဘော်လ်တန်နည်းပြ ဆမ်မီလီကလည်း "ပရိသတ်တွေရဲ့ဆန္ဒကို မဖြည့်ပေးနိုင်ခဲ့လို့ စိတ်မကောင်းပါဘူး။ ဘော်လ်တန်အသင်းဟာ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူးတွေ အခွင့်အရေးရရဲ့သားနဲ့ ဂိုးမသွင်းနိုင်ခဲ့တာကတော့ ဘဝင်မကျစရာပါပဲ။ ချယ်လ်ဆီးအသင်းကစားတာ ကောင်းပါတယ်။ ကျွန်တော့်ကစားသမားတွေ ကြံ့ခိုင်မှုမပြည့်တာလဲ အားနည်းချက်တစ်ရပ်ပါပဲ"လို့ ပြောကြားသွားပါတယ်။ ဘော်လ်တန် တိုက်စစ်မှူးတွေကလည်း ဒီနှစ်မှာ ဂိုးသွင်းခြေစွမ်း ကျဆင်းနေတာကတော့ အမှန်ပါပဲ။

နောက်ပွဲစဉ်တွေမှာ ရလဒ်ကောင်းတော့မှာပါ။
ချယ်လ်ဆီးနည်းပြ ဂရန့်
(ဓာတ်ပုံ-အင်တာနက်)

သင်ခန်းစာယူစရာ

ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်တွေမှာ ရှုံးပွဲ၊ သရေပွဲတွေနဲ့ ကြုံတွေ့နေရတဲ့ လီဗာပူးဟာ အသင်းလိုက်ကစားအားကောင်းတဲ့ အပြင် တိုက်စစ်မှူးတွေလည်း ဂိုးသွင်းစွမ်းရည် ရှိနေပါလျက်နဲ့ ရလဒ်မကောင်းတာကြောင့် ဘင်နီတက်ဇ်မျက်နှာပျက်စရာ ဖြစ်နေရပါတယ်။ စပါးကို အိမ်ကွင်းမှာ သရေပွဲဖြစ်အောင် ကြိုးစားခဲ့ရတာကလည်း လီဗာပူးအတွက် ခက်ခဲလွန်းနေပါတယ်။ ဒီပွဲနဲ့ ပတ်သက်ပြီး ဘင်နီတက်ဇ်က **"ဒီပွဲမှာ ကျွန်တော်တို့အမှားနှစ်ခုပြုလုပ်ခဲ့တယ်၊ တစ်ခုက အနိုင်ဂိုးကို မထိန်းသိမ်းနိုင်ခဲ့ဘူး၊ နောက်တစ်ခုက ဂိုးသွင်းနိုင်ဖို့ အခွင့်အရေးကောင်းတွေကို အသုံးမချနိုင်ခဲ့ဘူး။ ကျွန်တော်တို့ ဒုတိယဂိုး ပေးလိုက်ရတာကတော့ သင်ခန်းစာယူစရာပါပဲ။ နောက်ပွဲတွေမှာ ကစားကွက်ပြောင်းဖို့ လိုအပ်နေပြီဆိုတာ ကျွန်တော် သဘောပေါက်ထားပါတယ်"**လို့ ပြောကြားသွားခဲ့ပါတယ်။

ကစားကွက်ပြောင်းဖို့ လိုအပ်နေပြီ။
လီဗာပူးနည်းပြဘင်နီတက်ဇ်
(ဓာတ်ပုံ-အင်တာနက်)

ဒီထက်ကြိုးစားရမယ်။
စပါးနည်းပြ မာတင်ဂျိုးလ်။
(ဓာတ်ပုံ-အင်တာနက်)

ကြိုးစား

လီဗာပူးကို အဝေးကွင်းမှာ သရေပွဲဖြစ်အောင် ကစားခဲ့တဲ့ စပါးနည်းပြ မာတင်ဂျိုးလ်ကတော့ **"ဒီပွဲက ကျွန်တော်တို့ အနိုင်ရသင့်တဲ့ပွဲပါ။ ကားလင်းဖလားနဲ့ ယူအီးအက်ဖ်အေပွဲတွေမှာ ရလဒ်ကောင်းဖို့ ကျွန်တော်တို့ လာမယ့်ပွဲတွေကစပြီး အနိုင်ရအောင် ကစားသွားရတော့မှာပါ။ လောလောဆယ်မှာ တန်းစီဇယားအပေါ်ကိုရောက်အောင် ရုန်းကန်ရဦးမှာဆိုတော့ ဒီထက် ကြိုးစားရဦးမှာ ဖြစ်ပါတယ်"**လို့ ပြောကြားသွားခဲ့ပါတယ်။ ။

(ကိုးကား – အင်တာနက်)

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် မစ်ဒယ်ဝိတ်တန်းချန်ပီယံဗိုလ်လုပွဲ ဂျို့ကာဇာဂီနှင့်မိုက်ကယ်ကီစလာတို့ ထိုးသတ်မည်

နယူးယောက် အောက်တိုဘာ ၈

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (ဒဗလျူဘီအေ)၏ မစ်ဒယ်ဝိတ်တန်းချန်ပီယံ ဂျို့ကာဇာဂီကလာမည့် နိုဝင်ဘာ၃ရက်၌ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (ဒဗလျူဘီအေ)နှင့် ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗလျူဘီစီ)တို့၏ စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ မိုက်ကယ်ကီစလာနှင့် ထိုးသတ်မည်ဖြစ်ကြောင်း အောက်တိုဘာ ၇ရက်က ပြောကြားလိုက်သည်။

ဝေလလက်ဝှေ့သမား ဂျို့ကာဇာဂီသည် လက်ရှိအချိန်အထိ ၄၃ပွဲ ထိုးသတ်ခဲ့ပြီး ရှုံးပွဲမရှိသေးသော လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ မိမိအနေဖြင့် မိုက်ကယ်ကီစလာကို နှစ်ချီနှင့်သုံးချီအတွင်း အလဲထိုးအနိုင်ယူမည်ဟုလည်း ပြောကြားခဲ့သည်။

သို့သော်လည်း အဆိုပါလက်ဝှေ့ပွဲ၌ မမျှော်လင့်ဘဲ မိမိရှုံးနိမ့်ခဲ့လျှင် လက်ဝှေ့လောကမှ အနားယူမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ မိုက်ကယ်ကီစလာသည် အလွန်တော်သော လက်ဝှေ့သမား တစ်ဦးဖြစ်သော်လည်း မိမိအနိုင်ရမည်ဟု ယုံကြည်နေကြောင်း ဂျို့ကာဇာဂီက ပြောကြားသည်။ **(အင်တာနက်)**

အနိုင်ရမည်ဟု ယုံကြည်နေသော ဝေလ လက်ဝှေ့သမား ဂျို့ကာဇာဂီ။
(ဓာတ်ပုံ-အင်တာနက်)

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

မကာအိုဘက်မင်တန်အိုးပင်းပြိုင်ပွဲ တရုတ်ကြက်တောင်မယ် စီဆင်ဖန် ဗိုလ်စွဲ

မကာအို အောက်တိုဘာ ၈

တရုတ်နိုင်ငံ မကာအိုဒေသ၌ ကျင်းပလျက်ရှိသည့် မကာအိုဘက်မင်တန်အိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အောက်တိုဘာ ၇ရက်က ဆက်လက်ကျင်းပရာ တရုတ်ကြက်တောင်မယ်စီဆင်ဖန်က အနိုင်ရဗိုလ်စွဲသွားသည်။

နှစ်ပွဲပြတ်

နောက်ဆုံးဗိုလ်လုပွဲအဖြစ် တောင်ကိုရီးယား ကြက်တောင်မယ် ဂျန်ဂျေယွန်နှင့် တရုတ်ကြက်တောင်မယ် စီဆင်ဖန်တို့ ယှဉ်ပြိုင်ကစားရာ စီဆင်ဖန်က နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာအမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲ ဗြိတိန်အပြေးမယ် ရီလင်း စတုတ္ထသာချိတ်နိုင်ခဲ့

ချီကာဂို အောက်တိုဘာ ၈

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် အောက်တိုဘာ ၇ရက်က ကျင်းပသည့် ချီကာဂို နိုင်ငံတကာ အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် အီသီယိုးပီးယားအပြေးမယ် ဘာဟာနေအဒီရီက ၂နာရီ ၃၃မိနစ် ၄၉စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

မော်ရိုကိုအပြေးမယ် ဂါရစ်က ၂နာရီ ၃၃မိနစ် ၅၄စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး ရိုမေးနီးယား အပြေးမယ် အဒရီရာနာပီတီးရားက ၂နာရီ ၃၄မိနစ်ဖြင့် တတိယရရှိခဲ့သည်။

နာမည်ကြီး ဗြိတိန်အပြေးမယ် ရီလင်းကမူ အပူချိန်မြင့်တက်မှုကြောင့် အားစိုက်မပြေးနိုင်ဘဲ ၂နာရီ ၃၇မိနစ် ၁၄စက္ကန့်ဖြင့် စတုတ္ထသာ ချိတ်နိုင်ခဲ့သည်။ အမေရိကန်နိုင်ငံမှ မာရသွန်အပြေးမယ် ကိတ်အိုနေးလည်း ပထမဆုနှင့် လွဲချော်ခဲ့ရသည်။

(အင်တာနက်)

စတုတ္ထဖြင့် ကျေနပ်ခဲ့ရသော ဗြိတိန်အပြေးမယ် ရီလင်း။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့အမျိုးသမီးဘောလုံးအသင်းအဆင့် ဖီဖာထုတ်ပြန် ဂျာမနီအသင်း ထိပ်ဆုံးရောက်ပြီး ဘရာဇီးက တတိယနေရာတက်လာ

ဇူးရစ် အောက်တိုဘာ ၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က နိုင်ငံတကာအမျိုးသမီးဘောလုံးအသင်းများ၏ အဆင့်သတ်မှတ်ချက်ကို အောက်တိုဘာ၆ရက်က ထုတ်ပြန်လိုက်ရာ ဂျာမနီအမျိုးသမီးဘောလုံးအသင်းသည် ကမ္ဘာ့နံပါတ်တစ်နေရာရောက်ရှိလာသည်။

ထိပ်ဆုံးသို့ရောက်

ဂျာမနီ အမျိုးသမီးဘောလုံးအသင်းသည် မကြာမီက တရုတ်နိုင်ငံ၌ ကျင်းပခဲ့သော ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သည့်အသင်းလည်းဖြစ်ရာ ယခုကဲ့သို့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ ထိပ်ဆုံးသို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက်

အမေရိကန်အမျိုးသမီးဘောလုံးအသင်းမှာ ဒုတိယနေရာသို့ကျဆင်းခဲ့သည်။ ပြီးခဲ့သည့် ဧပြီလကမှ အမေရိကန်အမျိုးသမီးဘောလုံးအသင်းသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံးနေရာရယူထားသည့် အသင်းဖြစ်သည်။

ဘရာဇီးအမျိုးသမီးဘောလုံးအသင်းမှာမူ ယခင်ပဉ္စမနေရာမှ တတိယအဆင့်သို့ရောက်ရှိလာခဲ့သည်။ စတုတ္ထနေရာတွင် ဆွီဒင်အမျိုးသမီးဘောလုံးအသင်းနှင့်ပဉ္စမနေရာ၌ နော်ဝေအသင်းတို့ အစဉ်လိုက်ရှိနေသည်။ (အင်တာနက်)

အအေးမိ၊ တုပ်ကွေး၊ ဖျားနာ ပျောက်ဆေး၏ **ဖလူဇာ** ထီးမေတ္တာလက်ဆောင်အစီအစဉ်အား အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ထပ်မံတိုးမြှင့်လိုက်ပါသည်။

ဖလူဇာ

ရန်ကုန်စာတိုက်သေတ္တာအမှတ်၉၀၅သို့ ဖလူဇာကတ်ခွံ (၃) ခုနှင့်အမည်၊
မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ တို့ကိုရေးပို့လိုက်ရုံနဲ့
ထီးလှလှလေးတစ်လက်ပိုင်ဆိုင်နိုင်ပါပြီ။

လစဉ်ပထမဆုံးရောက်ရှိလာသော အမည် (၅၀၀) အား
ဖလူဇာထီးအလက် (၅၀၀) မေတ္တာလက်ဆောင်အဖြစ် ပြန်လည်ပေးပို့ပါမည်။



ကရင်ပြည်နယ်

ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်

မြဝတီမြို့ - ၂၇. ၁၀. ၂၀၀၇မှ ၁. ၁၁. ၂၀၀၇အထိ

ဘားအံမြို့ - ၆. ၁၁. ၂၀၀၇ မှ ၁၀. ၁၁. ၂၀၀၇အထိ

ဒုံးယိမ်းပြိုင်ပွဲများ၊ ရိုးရာလက်ဝှေ့ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

ပြခန်းဖွင့်လှစ်ရောင်းချလိုသူများဆက်သွယ်ရန်

Climax Business Group Co., Ltd.

☎ 01-524790,09-51-26422

အများသိစေရန်ကြေညာချက်

ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးအောင်တင်ဝင်း မှတ်ပုံတင်အမှတ် ၁၂/မရက(နိုင်)၀၄၈၉၃၅သည် ၆-၁၀-၂၀၀၇ရက်တွင် ကျွန်မ အမည်ဖြင့် ဝယ်ယူထားသော အမှတ် ၈၅၂၊ ကျောက်စိမ်းလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) အိမ်ဂရန်နှင့် အရောင်းအဝယ်စာချုပ်များ၊ ဦးအောင်တင်ဝင်း အမည်ဖြင့် ဝယ်ယူထားသော အမှတ် ၁၀၁၃/ခ၊ ကျောက်စိမ်းလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြေချပါမစ်မိတ္တူနှင့် အရောင်းအဝယ်စာချုပ်များကို ကျွန်မ မသိဘဲ ယူဆောင်ထွက်ခွာသွားပါသဖြင့် ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများကို ကျွန်မမှ ကန့်ကွက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန္တာစိုး
၁၄/အမန(နိုင်)၀၃၄၆၄၇
အမှတ် ၈၅၂၊ ကျောက်စိမ်း ၈လမ်း၊
(၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။

ဖိနိုပဝင်းနှင့်ရောင်းရင်းများမှ(အင်းလေးဘုရားပွဲတော်သို့) အင်းလေးဖောင်တော်ဦးဒေသစာရီအပူဇော်ခံပွဲနှင့်ဘုရားစုံ(၅)ရက် မန္တလေး၊ ပြင်ဦးလွင်၊လားရှိုး၊ မူဆယ်(၇)ရက် ဗလွန်နေ့ချင်းပြန် ပုဂံ-စွယ်တော်လေးဆူ၊ ပုပ္ပား၊ (၅)ရက်၊မော်လမြိုင်ဘုရားစုံ၊ ကျိုက္ကမီရေလယ်ဘုရား(ဆွမ်းမျှောပွဲတော်)(24.10.07)ကျိုက်ထီးရိုး၊ (19.10.07)မှစ၍ နေ့စဉ်၊ ချောင်းသာ(အင်္ဂါ၊သောကြာ)
အမှတ်(၂၅)ပန်းဆိုးတန်းလမ်း၊ 249871, 09-51 37245,09-99 72025

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ-၁နှင့်၅)
တနင်္သာရီတိုင်း တရားရုံး တရားမရုံးတော်၌
၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၇

ဒေါ်မေမေရိုန် **နှင့်** ဒေါ်နီနီအေး
(တရားလို) **(တရားပြိုင်)**

ဒေါ်နီနီအေး(ယခင်)၁၅၇၊ အနောက်လမ်း၊ အနောက်ရပ်၊ ထားဝယ်မြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မေမေရိုန်က ကူညီထုတ်ပေးထားသည့်ငွေ ၈၀၀၀၀၀၀(ကျပ်သိန်းရှစ်ဆယ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၇ခုနှစ် အောက်တိုဘာလ ၁၆ရက်(၁၃၆၉ခုနှစ် သီတင်းကျွတ်လဆန်း ၅ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်း၊ စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရုံး ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ခုနှစ် အောက်တိုဘာ ၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်ကြီး
တိုင်းတရားသူကြီး
တနင်္သာရီတိုင်းတရားရုံး။

အမည်ပြောင်း

ဒေါပုံ အထက(၁)တက္ကသိုလ်ဝင်တန်း (H)တွင် ပညာသင်ကြားနေသော အဖ ဦးအောင်ဆန်းမြင့်၏သား မောင်ငွေစင် အောင်ဆန်းအား သန်းခေါင်စာရင်းအရ မောင်ငွေဇင်အောင်ဆန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ငွေဇင်အောင်ဆန်း။**

အမည်ပြောင်း

အဖဦးအုန်းမြင့်၏သား သာကေတ အထက(၂) Grade II, (J)မှ မောင်သူရဇော်အား မောင်သိန်းထွဋ်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သိန်းထွဋ်ဝင်း။

အမည်ပြောင်း

အဖ ဦးကြည်သန်း၏သား အထက ကျောင်းခွဲ၊ အလက(၁) ကလေးမြို့ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ဇေဇေအောင် ၁၂/ဒဂရ(နိုင်)၀၁၃၀၈၂ အား မောင်အောင်ထူးဟန်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ထူးဟန်။**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မလင်းသူဇာပိုင်ဆိုင်သော ယာဉ် အမှတ် ပ/၉၅၁၃၏ အခွန်စာရွက်(အစိမ်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၃၅၁၉၅။**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ညောင်ကန်အေး အရှင်ကုန္ဒကဆရာတော်တရားပွဲ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့် စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီး၌ တော်သလင်းလကွယ်နေ့(အောက်တိုဘာ ၁၁ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂နာရီတွင် ညောင်ကန်အေး မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး အရှင်ကုန္ဒက ဆရာတော်သည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး တပည့်ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် စသည့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဟုသိရသည်။ **(က-ပ)**

လွယ်အိတ်ကြီးသတင်းဆောင်းပါးဂျာနယ် အတွဲ(၁)၊ အမှတ်(၂၅)ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၈

လွယ်အိတ်ကြီး သတင်းဆောင်းပါး ဂျာနယ်၌ သဘာဝခရီးသွားလုပ်ငန်း၊ ရေကြောင်းတက္ကသိုလ် ပထမအကြိမ်ဘွဲ့နှင်းသဘင်၊ တူညီဝတ်စုံပေးအပ်၊ မြန်မာ့ကြိမ်နှင့်သစ်ကြားသီး တရုတ်နိုင်ငံ၌ ဈေးကောင်းရ၊ သာသနာ့မော်ကွန်းဝင်ဓာတ်ကားရိုက်ပြီ၊ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရေးအတွက် မြန်မာတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ အစွမ်းကုန်လေ့ကျင့်ပြင်ဆင်၊ T & K ဓာတ်ပုံဆိုင်သစ်ဖွင့်ပွဲ၊ သစ်ပွများ အကျိုးရှိစွာအသုံးပြုနိုင်ပြီ၊ ပင်လယ်ကူးသင်္ဘောသားများ၏ Eye-Test စစ်ဆေးချက်လက်မှတ်အား သက်တမ်းပြင်ဆင်သတ်မှတ်၊ MB.A, MPP ဘွဲ့များအတွက် ကိုရီးယားတက္ကသိုလ်စရိတ်ငြိမ်း လျှောက်ထားနိုင်၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဇုန်အလိုက် အခမဲ့ပို့ချ စသည့် ပြည်တွင်းသတင်းများ စုံစုံလင်လင်ပါရှိသည်။

မျက်နှာဖုံးဆောင်းပါးအဖြစ် စာရေးဆရာချစ်စံဝင်းက မြန်မာ့ယဉ်ကျေးမှု အနုပညာနှင့်ပတ်သက်၍ မိမိတို့၏ အနုပညာ၊ မိမိတို့၏ယဉ်ကျေးမှုတို့ကို မိမိတို့ကိုယ်တိုင် ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း အကြံပြုရေးသားသည့် ကာကွယ်ရန်၊ စောင့်ရှောက်ရန်၊ တီထွင်ရန်ဆောင်းပါး၊ ဆရာမောင်ဆုရှင်၏ ဒဏ္ဍာရီနဲ့ယုံတမ်းစကား၊ မြတ်ကလောင်၏ ဆရာတော် ဘဒ္ဒန္တဃောသိတ ဟောကြားတော်မူသည့် ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် အခြေခံတရားတော်ဆောင်းပါး၊ ဒေါက်တာငွေစိုး၏ ရောက်တတ်ရာရာ အတွေးတစ်စ ဆောင်းပါး၊ ဖိုးသောကြာ(ခေတ်+မိုး)၏ အလိုဗျာ မုဒိတာပွား ဆောင်းပါး၊ အောင်ဘု၏ ကပွိယကြီး ဦးညိဘာ၏ စွန့်စားခန်းဆောင်းပါး၊ ဦးတင်ဦး(ကျူရှင်)၏ အသွားမတော်တစ်လှမ်းဆောင်းပါးနှင့် ဆောင်းဝင်းလတ်၏ ပန်းချီမြင့်စိုး (၁၉၅၅-၂၀၀၇)ရဲ့ မိုးမည်းကြီးရွာချတဲ့နေ့ ဆောင်းပါးတို့ကို ဖော်ပြထားသည်။

ထို့အတူ ဉာဏ်ကျယ်လေး၏ ကြုံရဆုံရဟာဒယ၊ မောင်ခေတ်ထွန်း၏ လွယ်အိတ်ကြီးစာအုပ်စင်၊ ပြသတော့မည့် မြန်မာဗီဒီယိုဇာတ်လမ်းများ စသည့်ဖျော်ဖြေရေးကဏ္ဍများ၊ လူကြီးလူငယ် ပရိသတ်များအတွက် နိုင်ငံတကာသတင်းများနှင့် အားကစားသတင်းများကို ဖော်ပြထားကြောင်းသိရသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ပြည်မြို့ဘိုးဘွားရိပ်သာတွင်ကျင်းပ

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ပြည်မြို့ သီရိခေတ္တရာ ဘိုးဘွားရိပ်သာ၌ ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၈

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၈နာရီက ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ သီရိခေတ္တရာ ဘိုးဘွားရိပ်သာ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့်တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဘိုးဘွားများ တက်ရောက်ကြသည်။

ကန်တော့

အစီအစဉ်အရ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ဘိုးဘွားများအား ကန်တော့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အသက် ၁၀၀နှင့်အထက် ပြည်မြို့မှအဘွားနှစ်ဦးအတွက် အလှူငွေများ၊ ဆန်နှင့်ဆီများ၊ ဆေးဝါးများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် လူမှုဝန်ထမ်းဦးစီးဌာန၏ ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ ပြည်၊ နတ်တလင်း၊ ဇီးကုန်း၊ ပေါင်းတည်၊ သာယာဝတီမြို့နယ်များရှိ ဘိုးဘွားရိပ်သာများသို့ လှူဒါန်းငွေများကို ဗိုလ်မှူးချုပ်စိန်မြင့်နှင့် ဗိုလ်မှူးချုပ်သန်းဌေးတို့က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် အဘိုးတစ်ဦးနှင့်အဘွားတစ်ဦးတို့က ဆုတောင်းမေတ္တာပြန်လည်ပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘိုးဘွားများ၏ကျန်းမာရေးအတွက် အထူးကုဆရာဝန်ကြီးများက အခမဲ့စောင့်ရှောက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေးကြကာ ဘိုးဘွားများအား မျက်မှန်များတပ်ဆင်လှူဒါန်းပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ခေတ်ဆန်းသစ်လာသည့် မြန်မာ့စက်မှုကဏ္ဍ

မောင်ခေတ်ဆန်း

စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနိုင်ငံသို့ ကူးပြောင်းထူထောင်ရေးသည် မြန်မာနိုင်ငံ၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည်။ မျက်မှောက်ကာလတွင် စက်မှုနိုင်ငံထူထောင်ရေးမှာ အလှမ်းမဝေးတော့ပြီဟု ဆိုရမည်ဖြစ်သည်။ စက်မှုဆိုင်ရာ လုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း အင်အားခိုင်မာပြီး ထုထည်ပမာဏကြီးမားစေရန် စုစည်းဖော်ဆောင်ပေးလျက် ရှိသည်။ စက်မှုဆိုင်ရာပညာရှင်များ အစဉ်ပေါ်ထွက်နေစေရန်လည်း ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးလျက်ရှိပြီး စက်မှုကဏ္ဍ တစ်ခေတ်ထွန်းတင့်လာစေရန် လမ်းဖွင့်ပေးလျက်ရှိသည်။

ထိုသို့ လူ့စွမ်းအားအရင်းအမြစ်များ တစ်နှစ်ထက်တစ်နှစ် ထွန်းသစ်နေသကဲ့သို့ စက်မှုကုန်ကြမ်းသီးနှံတွင်းထွက် သယံဇာတများကလည်း မြန်မာနိုင်ငံတွင် တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ပေါများကြွယ်ဝပါသည်။ ပေါများကြွယ်ဝလှသော သယံဇာတများကို အခြေခံ၍ စက်မှုနိုင်ငံသို့ တက်လှမ်းရာတွင် ပြန့်ကျဲနေသော စက်မှုလုပ်ငန်းများကို စုစည်းပြီး စက်မှုဇုန်များ တည်ထောင်ပေးထားသည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို စုစည်းမြှင့်တင်ပြီး နိုင်ငံတော်စက်ရုံ၊ အလုပ်ရုံများကိုလည်း ထုထည်ပမာဏ ကြီးကြီးမားမား ထူထောင်ပေးနိုင်မှုကြောင့် နိုင်ငံတော်တွင် စက်မှုလုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် ထွန်းတင့်လာပြီဖြစ်သည်။ ၂၀၀၇ ခုနှစ် မတ်လ ၁၈ ရက်နေ့က မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် တော်ဝင် ပလတ်စတစ်ရက်ထည် အိတ်စက်ရုံ (ကျောက်ဆည်)ကဲ့သို့ နိုင်ငံ့စက်ရုံကြီးတစ်ရုံ ပေါ်ထွက်လာခဲ့သကဲ့သို့ ဇူလိုင်လ ၁၃ရက်နေ့ကလည်း ပဲခူးတိုင်းအတွင်း ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို စုစည်းကာ စက်မှုဇုန်သစ်(ပြည်)ကို ဖွင့်လှစ် ထူထောင်ပေးနိုင်ခဲ့သည်။

ယင်းသို့ နိုင်ငံတော်၏ အားပေးကူညီမှုများကြောင့် ယခင် ခေတ်ကာလက မြန်မာနိုင်ငံတွင် စက်မှုဇုန်လုံးဝမရှိခဲ့သော ဘဝမှ ယခုအခါ စက်မှုဇုန် ၂၂ဇုန်အထိ ဖြစ်တည်လာသည့်ဘဝကို ရောက်အောင် ထူထောင်လာနိုင်ခဲ့သည်။ ထိုစက်မှုဇုန်များတွင် လုပ်ငန်းပေါင်း ၁၀၀၀၀ ခန့် ဖြစ်ထွန်းနေသည်။ ယခင်က ပြည်ပမှ မှာယူတင်သွင်းနေရသော စက်အရန် ပစ္စည်းများကို ယခုစက်မှုဇုန်များ၌ပင် ဖန်တီးဖော်ဆောင်နိုင်ပြီဖြစ်၍ သွင်းကုန်အစားထိုး နိုင်ငံခြားစက်မှုကုန်အားမကိုးရသည့်အခြေသို့ ဆိုက်ရောက်လာရသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း ဖွင့်ပေးထားသော စက်မှုလမ်းပေါ်သို့ ကျေနပ်အားရဖွယ် တိုးတက်လျှောက်လှမ်းလာကြသည်။

ယခင်က ပုဂ္ဂလိက စက်မှုလုပ်ငန်း ၁၀၀၀၀ ကျော်ရှိခဲ့ရာမှ နိုင်ငံတော်၏ လမ်းဖွင့်ပေးမှုကြောင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း စက်ရုံ၊ အလုပ်ရုံ ၄၀၀၀၀ ကျော် ဖြစ်လာသဖြင့် စက်ရုံ၊ အလုပ်ရုံ ၃၀၀၀၀ ခန့် တိုးတက်လာသည်။ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများမှာလည်း လုပ်ငန်းပေါင်း ၈၀၀၀ကျော်ဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို တစ်တပ်တစ်အား ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံပိုင်စက်ရုံကဏ္ဍကို ပြန်ကြည့်လျှင်လည်း ယခင်ခေတ်ကာလက စက်ရုံ ၆၂၄ ရုံရှိခဲ့ပြီး ယခုအခါ စက်ရုံပေါင်း ၈၀၀အထိ ရှိလာသဖြင့် စက်ရုံ ၁၇၆ရုံ တိုးမြှင့် တည်ဆောက်ပေးနိုင်ခဲ့သည်။ ဤသို့ဤပုံ စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် အဘက်ဘက်က အားပေးကူညီလျက်ရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းဝေဖြာကာ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ တစ်ခေတ်ဆန်းသစ်လာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ပဲခူးတိုင်း အင်းတကော်စက်မှုနယ်မြေမှ သတ္တုဘယ်ယာရင်အလုပ်ရုံ။

ယခင်က ပုဂ္ဂလိကစက်မှုလုပ်ငန်း ၁၀၀၀၀ ကျော် ရှိခဲ့ရာမှ နိုင်ငံတော်၏ လမ်းဖွင့်ပေးမှုကြောင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း စက်ရုံ၊ အလုပ်ရုံ ၄၀၀၀၀ ကျော်ဖြစ်လာ သဖြင့် စက်ရုံ၊ အလုပ်ရုံ ၃၀၀၀၀ခန့် တိုးတက်လာ။ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများမှာလည်း လုပ်ငန်း ပေါင်း ၈၀၀၀ ကျော်ဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို တစ်တပ်တစ်အား ဖြည့်ဆည်းပေးလျက်ရှိ။

မန္တလေးတိုင်း ကျောက်ဆည် စက်မှုနယ်မြေ စက်ရုံအလုပ်ရုံများကို ဤသို့တွေ့ရသည်။

နိုင်ငံတော်၏ အားပေးကူညီမှုများကြောင့် ယခင်ခေတ်ကာလက မြန်မာနိုင်ငံတွင် စက်မှုဇုန်လုံးဝမရှိခဲ့သော ဘဝမှ ယခုအခါ စက်မှုဇုန် ၂၂ဇုန်အထိ ဖြစ်တည်လာသည့် ဘဝကိုရောက်အောင် ထူထောင်လာနိုင်။ ထိုစက်မှုဇုန်များတွင် လုပ်ငန်းပေါင်း ၁၀၀၀၀ခန့် ဖြစ်ထွန်းနေ။ ယခင်က ပြည်ပမှ မှာယူတင်သွင်းနေရသော စက်အရန်ပစ္စည်းများကို ယခု စက်မှုဇုန်များ၌ပင် ဖန်တီးဖော်ဆောင်နိုင်ပြီဖြစ်၍ သွင်းကုန်အစားထိုး နိုင်ငံခြားစက်မှုကုန် အားမကိုးရသည့် အခြေသို့ဆိုက် ရောက်လာ။ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ဖွင့်ပေးထားသော စက်မှုလမ်းပေါ်သို့ ကျေနပ်အားရဖွယ် တိုးတက် လျှောက်လှမ်းလာကြ။

ကျောက်ကြီးမြို့နယ် ထွန်းတောက်စာကြည့်တိုက် အဆောက်အအုံဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်း၊ စာအုပ်များလှူဒါန်း

ကျောက်ကြီး စက်တင်ဘာ ၁၂

ပဲခူးတိုင်း (အရှေ့ပိုင်း)တောင်ငူခရိုင် ကျောက်ကြီးမြို့ မအူပင်ဆိပ်ကျေးရွာအုပ်စု ကျောက်ခဲကြီးကျေးရွာ ထွန်းတောက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဆွေဆွေမိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရေရှည်ဖွံ့ဖြိုးရေး

ထို့နောက် အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်များ စာအုပ်များလှူဒါန်းကြရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးငွေဦးက လက်ခံယူသည်။

ထို့နောက် ငဗျတ်အင်းကျေးရွာတွင် စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် သမီးတို့ရဲ့အနာဂတ်စာအုပ်မှ ထိပ်တန်း မြန်မာအမျိုးသမီးများအတွက် ခေါင်းစဉ်ပါ အချက်အလက်များကို လည်းကောင်း၊ အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်အာသီးဒေဝီက မြန်မာအဘိဓာန်မှ လက္ကက်အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဖတ်ကြားဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်မှုကို စက်တင်ဘာ ၂ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အေမီဇွန်ထွေးတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒုတိယအင်ဂျင်နီယာမှူးကြီး ကျောက်ခွဲလုပ်ငန်း စစ်ဆေး

ဝိုင်းမော် အောက်တိုဘာ ၆

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် စက်တင်ဘာ ၂၉ ရက်က ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြို့တွင်း (၁၁)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ကျောက်ခွဲစက်များဖြင့် ကျောက်ခွဲခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အဘိုး၊ အဘွားများ ပူဇော်ကန်တော့ပွဲ ဗန်းမော်၌ကျင်းပ

ဗန်းမော် အောက်တိုဘာ ၅

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဘိုးဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ရက် မွန်းလွဲ ၁နာရီက ဗန်းမော်မြို့ ဘိုးဘွားရိပ်သာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဝင်းနှင့်ဇနီး ဒေါ်ဖြူဖြူမြင့်၊ တပ်မတော်အရာရှိများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဝင်းက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက အဘိုး၊ အဘွားများအား ကန်တော့ပြီး အလှူငွေ၊ ဆေးနှင့် အဝတ်အထည်များ လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဩဂုတ် ၂၀ ရက်က မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စွန်ရဲလမ်း မြေယာရှုခင်းအလှဆင်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးအတွင်းရှိ ဆားရောင်းချသော ဆိုင်များတွင် အိုင်အိုဒင်းပါဝင်မှုရှိ မရှိကို စက်တင်ဘာ ၂၂ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးဝင်းကျော်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့၌ လည်ပင်းကြီးရောဂါ ပပျောက်ရေး အိုင်အိုဒင်းဆားအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

ပြင်ဦးလွင် စက်တင်ဘာ ၃၀

လည်ပင်းကြီးရောဂါ ပပျောက်ရေး အိုင်အိုဒင်းဆားသုံးစွဲမှု အခြေအနေများကို စက်တင်ဘာ ၁၈ ရက်က ပြင်ဦးလွင် မြို့မဈေးကြီးနှင့် သုမင်္ဂလာဈေးလေးအတွင်း အိမ်သုံးဆားအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးကြသည်။

ကွင်းဆင်း

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဈေးကြီးကြပ်ရေးအဖွဲ့ ဦးမြသိန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ကြီး(၂) ဥက္ကဋ္ဌ ဦးအောင်ငွေနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းလျက် ဈေးအတွင်းရှိ ကုန်စုံဆိုင်များနှင့် စားသောက်ဆိုင်များတွင် ရောင်းချပေးနေသော အိမ်သုံးဆားများတွင် အိုင်အိုဒင်း အရည်အသွေးပြည့်မီမှု ရှိမရှိနှင့် အိုင်အိုဒင်းပါဝင်မှု ရှိမရှိ စစ်ဆေးမှုများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၂၈၀)**

ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း ကျေးလက်ရေရရှိရေးအတွက် တူးဖော်ပေးခဲ့သော စက်ရေတွင်းများ ပုံမှန်လည်ပတ်မှုရှိရေးနှင့် ရေထွက်ကောင်းမွန်ရေးအတွက် ကွင်းဆင်းစစ်ဆေးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးတင်မောင်စိုး စက်တင်ဘာ ၂၄ ရက်က မင်းကံထိုက်ကျေးရွာရှိ နှစ်လက်မ စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေကန်များကို စစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျေးသီးမြို့၌ နယ်လှည့်စာကြည့်တိုက်ဖွင့်

ကျေးသီး စက်တင်ဘာ ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် နောင်ဆွမ်း စံပြကျေးရွာ၌ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာ လမ်းပြကြယ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်ထွန်း၊ ကျေးရွာဥက္ကဋ္ဌ ဦးနော်ခမ်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် လမ်းပြကြယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ရွှေရွှေမြင့်က ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးနော်ခမ်းနှင့် ဇနီးဒေါ်နန်းလွတ်တို့က လက်ခံယူသည်။

ယင်းနောက် အဆိုပါ စာကြည့်တိုက်အပေါ်ထပ်တွင် စာဖတ်ဝိုင်းများကျင်းပရာ ဒေသခံ တိုင်းရင်းသူလေးများက ပါဝင်ဖတ်ရှုကြသည်။

တာဝန်ပေး

အဆိုပါ လမ်းပြကြယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရေရှည် ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်တာဝန်ခံအဖြစ် ဦးအိန္ဒြောအား တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းတပ်မြို့၌ အိုင်အိုဒင်းဆားများ အခမဲ့ဖြန့်ဝေ

မင်းတပ် စက်တင်ဘာ ၂၉

အိုင်အိုဒင်းဆားအကြောင်း အသိပညာပေးဟောပြောပွဲနှင့် အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို မင်းတပ်မြို့ စံပြရပ်ကွက်တွင် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အိုင်အိုဒင်းဆားအကြောင်း သိကောင်းစရာများကို ဟောပြောကြပြီး တက်ရောက်လာကြသူများအား အိုင်အိုဒင်းဆားများ အခမဲ့ဖြန့်ဝေပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ထီးချိုင့်၌ဆွေးနွေး

ထီးချိုင့် စက်တင်ဘာ ၁၀

ကသာခရိုင် ထီးချိုင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် တည်တံ့ရေးနှင့် ခိုင်မာသော စာကြည့်တိုက်များဖြစ်ရေး ဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက ရွှေသာလျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းသိန်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ မှတ်ပုံတင်ထားရှိရေး၊ စာကြည့်တိုက်များ ရေရှည် တည်တံ့ရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်း စီမံချက်များကို ရှင်းလင်း ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)



ဓနုဖြူ ကျိုက်ကလွန်ပွန်းစေတီ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ဓနုဖြူ အောက်တိုဘာ ၄

ဧရာဝတီတိုင်း ဓနုဖြူမြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီး(ဝဲပုံ)၏ (၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၂၃ရက်မှ ၂၇ရက်အထိ ငါးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထို့နောက် သီတင်းကျွတ်လဆန်း ၁၃ ရက်နှင့် ၁၄ရက်တို့တွင် သံဃာ့ဒါန ဆွမ်းလောင်းအသင်း ခုနစ်သင်းတို့က စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး ကပ်လှူပူဇော်မည်ဖြစ်ရာ အောက်တိုဘာ ၁၈ရက်မှ စတင်၍ ဂေါပကအဖွဲ့ရုံး ဖုန်း ၀၄၆-၂၅၂၁၄၊ ၀၄၆-၂၅၄၅၄ နှင့် ၀၄၆-၂၅၂၃၃ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် ဥယျာဉ်လမ်း အမှတ် ၄၉ နေ ဦးအုန်းငွေ-ဒေါ်ကျင် ရှိန် မိသားစုက ဒဂုံ မြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်း ဆရာ တော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျိုက်သုတ်စေတီတော်ဘက်စုံပြုပြင်ရန် ငွေလှူဒါန်းနိုင်

မော်လမြိုင် အောက်တိုဘာ ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရှိ သမိုင်းဝင်ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ် အတွင်းအပြင် ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သုတ်စေတီတော်မြတ်ကြီး ဖုန်း-၀၅၇-၂၆၆၉၀၊ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၈)

(၉၆)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၈

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပာကျေးရွာ နယ်လှည့်သာသနာပြု မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက နိုင်ငံ့ဂုဏ်ဆောင် လူမှုထူးချွန် (ပထမဆင့်) ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၂ရပ်ကွက် အတုလ အောင်တော်မူ ဓမ္မရိပ်သာ ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ချင်းတွင်း အရှင်ကလျာဏ(**အပေါ်ပုံ**)သည် ဩဂုတ် ၃၁ရက်က ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စံပြ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် (၉၆) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလပြည့်ကျော် ၁၄ ရက်
၁၀-၁၀-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မြောင်းမြမြို့နယ် မြေတံတားရွာမှ နွေကမ္ဘာဘဲမွေးမြူရေးလုပ်ငန်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (တော်သလင်းနှင့် လေ့ချင်းများ- ဒေါ်စောမုံညင်း)

၁၂း၁၅ ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာ အနာဂါမ်ဆရာသက်ကြီး တရားရိပ်သာအကြောင်းဆွေးနွေးခန်း အပိုင်း(၂)

၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး (ဘဝရည်မှန်းချက်နှင့်ပျော်ရွှင်မှု- ပြည်စိုး)

၁၂း၃၅ သီချင်းကြီးပဒေသာ

ညနေပိုင်း

၁၆း၀၀ တရားတော်(ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မင်းကွန်းဆရာတော်ကြီး ဖြေကြားတော်မူခဲ့သော ဗဟုစိတရသုတ္တန် တရားတော်)

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အညာလေ့နဲ့ မေတ္တာရှင် (မောင်မောင်ညွန့်)
(၂) အသည်းလေးနနယ်ရိုင်း (ခင်နွဲ့နွဲ့)

၁၇း၃၀ အစာနှင့်အာဟာရ(ကြာဆံ)

၁၇း၄၅ သူ့လက်သံ (မြန်မာ့အသံမြစတင်း၏ ပတ္တလားလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ကံ့ကော်ရွှေရည် စံပြစာစီစာကုံးများ [ဦးသန်းထွတ်-ပညာရေး တက္ကသိုလ်(ပါမောက္ခ-ငြိမ်း)]
(၂) ဦးခေါင်းပုံများနှင့် အခြားထူးဆန်းသော ပုံပြင်များ (မောင်သိန်းလွင်)

၁၉း၁၅ ဇာတ်သဘင် (ဝဏ္ဏကျော်ထင်စိန်အောင်မင်း ဇာတ်အဖွဲ့မှ ပရိနိဗ္ဗာန်စံတော်မူခန်း- ပထမပိုင်း)

၂၀း၃၀ ဇာတ်သဘင် (ဝဏ္ဏကျော်ထင်စိန်အောင်မင်း ဇာတ်အဖွဲ့မှ ပရိနိဗ္ဗာန်စံတော်မူခန်း- ဒုတိယပိုင်း)

မြို့နယ် သတင်းများ

စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များတွင် ကျေးလက်ရေပေးရေး(၁၀)နှစ်စီမံကိန်းချမှတ်၍ ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်ခဲ့သော ကျေးလက်ရေပေးရေး စက်ရေတွင်းများ ပုံမှန်လည်ပတ်မှုရှိမရှိကို လက်ထောက်အင်ဂျင်နီယာ ဦးဇော်လင်းနှင့်အဖွဲ့ ခင်မွန်ကျေးရွာရှိ ရေတွင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (တိုင်းစည်ပင်)

ဖျာပုံမြို့၌ ရေပိုက်လိုင်း တိုးချဲ့တပ်ဆင် ရေတွန်းစက်ရုံတည်ဆောက်ရန် ဆောင်ရွက်

ဖျာပုံ အောက်တိုဘာ ၄

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်စေရေးအတွက် ကန်တော်ကြီး မိုးရေလှောင်ကန်မှ မူလရေပိုက်လိုင်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် အမှတ်(၁၀)ရပ်ကွက်တွင် ရေတွန်းစက်ရုံတည်ဆောက်ခြင်း(**အပေါ်ပုံ**)လုပ်ငန်းများကို စက်တင်ဘာ ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးလှမျိုး ကွင်းဆင်းကြပ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၁၅၈)

ကျောက်ပန်းတောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် တူးဖော်ဆောင်ရွက်သော ချောင်းဖျားကျေးရွာလေးလက်မ စက်ရေတွင်း အလှူရှင် စက်ရေတွင်း တူးဖော်ဆောင်ရွက်မှုကို စက်တင်ဘာ ၁၂ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးကုတ်မြို့ ရပ်ကွက်များ၌ ရေနုတ်မြောင်းများရှင်းလင်း

မိုးကုတ် စက်တင်ဘာ ၂၄

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၆ရက်က လုပ်ငန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဌေးနှင့် ဒုတိယဦးစီးမှူး (စည်းကမ်း) ဦးဌေးလှိုင်ခေါင်းဆောင်သောအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော် ကွင်းဆင်းကြပ်မတ်ခဲ့ကြောင်း သိရသည်။ **(တိုင်းစည်ပင်)**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းစွပ်ကျယ်စက်ရုံ(တောင်သာ) အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်/အချိန်
၁။	အပ်ချည်(အဖြူ/ရောင်စုံ) ၂/၄၀ (သို့) ၃/၆၀ ပိုလီအက်စတာ (၅၀၀၀ မီတာပါ/တရုတ်)	၈၅၁၆ လုံး	၁၈-၁၀-၂၀၀၇ရက် (၁၄း၀၀)နာရီ
၂။	စက်ထိုးထည်အပ်(၁၄)မျိုး (ဂျာမနီ)	၈၀၅၀ ချောင်း	၂၂-၁၀-၂၀၀၇ရက် (၁၄း၀၀)နာရီ

တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၉-၁၀-၂၀၀၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန ဖုန်း- ၀၆၆-၇၀၀၃၀
စွပ်ကျယ်စက်ရုံ၊ (တောင်သာ)။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ကြို့ ၇/ပခန(နိုင်) ၁၈၁၆၄၆ ပိုင် န/၈၉၈၇ ပါပလေကားကား အခွန်ကျေပုံစံစာရွက်အစိမ်းရောင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၂၂၈၇၇၈။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်သန်းနိုင်ဦး ၁၂/ဥကမ (နိုင်) ၁၈၄၄၉၀၏ နိုင်ငံကူးလက်မှတ် အမှတ် ၂၁၈၃၀၀ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ **အမှတ် ၃၅၆၊ သုမာလာ၄ လမ်း၊ ၂ ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၀၇၈၂ Honda C 90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းသန်း မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၀၄၄၅၁ကယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မူဆယ်မြို့)။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ တောင်ငူတက္ကသိုလ်တွင် အသုံးပြုရန် ရုံးသုံးစက္ကူ စာရေးကိရိယာများ၊ ရုံးသုံးစက်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၉-၁၀-၂၀၀၇ရက် ၁၅း၀၀ နာရီဖြစ်ပါ၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
တောင်ငူတက္ကသိုလ်
ဖုန်း- ၀၅၄-၂၄၀၀၁၊ ၂၄၀၀၂၊ ၂၄၀၀၇။

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ၊ မယုံလေနဲ့ သတိထား

ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

✪ အကြမ်းဖက်ဆူပူမှုကြောင့် —
ပြည်သူလူထုသာ နစ်နာဆုံးရှုံးရ
နေ့စားလုပ်သားများ အလုပ်လက်မဲ့ဖြစ်ရ
ဈေးသည်များ စီးပွားရေး ထိခိုက်ရ
အငှားကားမောင်းသူများ၊ ဆိုက်ကားနင်းသူများ အိတ်ထဲက စိုက်နေရ
စတိုးဆိုင်များ၊ စားသောက်ဆိုင်များ ပိတ်ထားရ

✪ အကြမ်းဖက်ဆူပူမှုကြောင့် —
ကိုလိုနီနယ်ချဲ့ပွဲကြီးများအတွက် အမြတ်ထွက်
နယ်ချဲ့လက်ဝေခံမီဒီယာများ၊ ပြည်ပြေးများက ဒေါ်လာဆုကြေးတွေစား
စီးပွားဖြစ်သွားသည်ကား ထိုအဖျက်သမားများ